# ရတနာပုံ

yadanarbonnews.com

၁၃၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်၊ တနင်္လာနေ့၊ (29-12-2025)၊ အတွဲ (၃၄)၊ အမှတ် (၂၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ နှလုံးသားနဲ့ ခံစားလို့ ဦးနှောက်နဲ့ ရွေးချယ်ဖို့ မဲပေးကြပါစို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်

## နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါဝင်ဆန္ဒမဲပေး



**နေပြည်တော်　　ဒီဇင်ဘာ　　၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ယနေ့နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအားလုံးအနေဖြင့် သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲများပေးကြသည်။

ထိုသို့ ဆန္ဒမဲများပေးကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်

စာမျက်နှာ - ၂၀




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# သာသနာတော်အတွက် သာသနဒ္ဓအာဇာနည်များပေါ်ထွန်းစေရေး

နိုင်ငံတော်အစိုးရကကြီးမှူး၍ ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှစ၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်ထိ ၃၃ ရက်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိရာ စာပြန်၊ စာဖြေ သံဃာ စုစုပေါင်း ၅၂၆ ပါး ဝင်ရောက်ပြန်ဆို၊ ဖြေဆိုလျက်ရှိပေသည်။

အာဂုံပြန်ဆိုချိန် တစ်ရက်လျှင် နံနက် ၈ နာရီမှ ၁၀ နာရီထိ လေးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၄ နာရီထိ ငါးကြိမ် စုစုပေါင်း ကိုးကြိမ်ဖြင့် ၁၈ ရက် အာဂုံပြန်ဆိုရပြီး သဘောရေးဖြေစာမေးပွဲကို မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ငါးရက်ဖြေဆိုရမည်ဖြစ်သည်။ အာဂုံပြန်ဆိုရာတွင် အထစ်အငေါ့မရှိ ထူးကဲစွာပြန်ဆိုနိုင်လျှင် ဝိသိဋ္ဌဝိနယဓရ၊ ဝိသိဋ္ဌဒီဃဘာဏကနှင့် ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့၊ သဘောရေးဖြေတွင် သတ်မှတ်အောင်မှတ်နှင့် အထက်ရရှိပါက မဟာဝိနယကောဝိဒ၊ မဟာဒီဃနိကာယ ကောဝိဒနှင့် မဟာအာဘိဓမ္မကောဝိဒဘွဲ့တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆို၊ ဖြေဆိုကြသည့် သာသနဒ္ဓအာဇာနည်အရှင်မြတ်တို့သည် ပိဋကကျမ်းစာ အဖြာဖြာတို့ကို ပြန်ဆို၊ ဖြေဆိုနိုင်ရန်အတွက် နေ့စဉ်ရက်ဆက် မပျက်မကွက်ဘဲ လေ့ကျက်ပုံမှန် အမြဲသင်အံပြန်ဆိုရသည့် ထက်သန်သော လုံ့လ၊ ဝီရိယနှင့်တကွ ထက်မြက်သောဆန္ဒ၊ တက်ကြွသောစိတ္တ၊ ထူးချွန်သောပညာတို့ဖြင့် ကြိုးစားပြီးနောက် ယခုအခါတွင် သာသနဒ္ဓအာဇာနည်များအဖြစ်သို့ ရရှိရေးအတွက် ဖြေဆိုကြလျက်ရှိသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီ အထူးဉာဏ်ပညာအထူးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံးချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကအာဂုံဆောင်ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေးရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓအာဇာနည် အရှင်သူမြတ် ၁၇ ပါးမြောက်ပေါ်ထွန်းခဲ့သည်။ ယခုနှစ်တွင်လည်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓအာဇာနည်အရှင်သူမြတ်တို့ ဆက်လက်ပေါ်ထွန်းလာမည်ဟု ယုံကြည်မိပါသည်။ အဆိုပါဘွဲ့တံဆိပ်တော်ကိုရရှိပြီး၍ အနည်းဆုံး ငါးနှစ်သက်တမ်းပြည့်မြောက်ပါက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်မှ ဆက်ကပ်သည့်အတွက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနဒ္ဓအာဇာနည်အရှင်သူမြတ်များ ဆက်လက်ပေါ်ထွန်းလာဦးမည်ဖြစ်သည်။

သင်ရိုးပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များမှာ ဝိနယပိဋကကျမ်းစာအုပ်ငါးအုပ် စာမျက်နှာပေါင်း ၂၂၆၀၊ သုတ္တန္တပိဋကကျမ်းစာအုပ် သုံးအုပ် စာမျက်နှာပေါင်း ၇၇၉ မျက်နှာ၊ အဘိဓမ္မပိဋကကျမ်းစာအုပ် ၁၂ အုပ် စာမျက်နှာပေါင်း ၄၉၈၇ မျက်နှာ စုစုပေါင်း ကျမ်းစာအုပ် ၂၀ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာဖြစ်ပြီး အာဂုံပြန်ဆိုအောင်မြင်ပါက "တိပိဋကဓရဘွဲ့"ကို ဆက်ကပ်ပြီး အဆိုပါကျမ်းစာအုပ် ၂၀ နှင့် အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုကဏ္ဌိ စသော ကျမ်းစာအုပ်များကို သဘောရေးဖြေ အောင်မြင်တော်မူလျှင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ်ကာ နိုင်ငံတော်က ကုန်း၊ ရေ၊ လေ အခမဲ့ အထက်တန်းခရီးသွားလက်မှတ်(ရာသက်ပန်) တပည့်နှစ်ဦးအပါအဝင် လစဉ်ဆွမ်းဆန်တော်ကို ဆက်ကပ်လှူဒါန်းသော အကျိုးထူးကိုရရှိပါသည်။

သို့ဖြစ်ရာ သာသနဒ္ဓအာဇာနည်များပေါ်ထွန်းလာခြင်းသည် မြန်မာ့မြေပေါ်တွင် ဓမ္မစေတီများ ထပ်မံပွင့်ထွန်းလာခြင်းဖြစ်၍ ထူးကဲသာလွန်ကောင်းမွန်သော အောင်မြင်မှုပင်ဖြစ်ပါသောကြောင့် ယခုကျင်းပလျက်ရှိသော ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးမှလည်း သာသနာတော်အတွက် သာသနဒ္ဓအာဇာနည်များ ပေါ်ထွန်းလာပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော)ခေတ်မီဈေးသစ်ကြီး တည်ဆောက်ရေးစီမံကိန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေး



**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) အဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ရေးစီမံကိန်းကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တာဝန်ရှိသူများက တည်ဆောက်ရေးစီမံကိန်း၏ ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဆိုင်ခန်းများစနစ်တကျစီမံဆောင်ရွက်နေမှု၊ Solar Panel များ တပ်ဆင်နေမှုတို့ကို ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး အလေးထား ဆောင်ရွက် သွားကြရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိက ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)နှင့်(၁၀)ရှိ အရှည် ပေ ၈၃၀၀ ရှိ နဝရတ်လမ်း၊ အရှည် ပေ ၈၇၀၀ ရှိ သိင်္ဂီလမ်း၊ အရှည် ပေ ၆၁၀၀ ရှိ ပြည်သာယာလမ်း၊ အရှည် ၇၃၁၃ ပေရှိ ရတနာလမ်း၊ အရှည် ပေ ၆၄၀၀ ရှိ မာလာယုဇနလမ်းတို့၏ မူလလမ်းအကျယ်ကို ၂၄ ပေ အကျယ်ချဲ့ခြင်း၊ လမ်းပြုပြင်ခြင်း၊ ကတ္တရာလမ်း ခင်းကျင်းခြင်းနှင့် အဆိုပါ လမ်းငါးလမ်းကို Ther-moplastic Paint ရေးဆွဲခြင်း ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအမံများ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းအရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးနှင့် လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လမ်းငါးလမ်းကို မူလလမ်းအကျယ်မှ တိုးချဲ့ခြင်း၊ လမ်းပြုပြင်ခြင်းနှင့် Thermo-plastic Paint ရေးဆွဲခြင်းများကို စုစုပေါင်း ငွေကျပ် ၁၄၅၄ ဒသမ ၄၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးခြောက်ပိဿာချိန်အများအပြားတင်ပို့ ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၉၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၁၂၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲ ဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ နေ့စဉ်ကုန်အမှာတွေ ရှိနေပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည်ဒေသထွက် ကွမ်းသီးများကို လိုက်လံဝယ်ယူပြီး အလုံးအတိုင်းနှင့် ခွဲစိတ်ပြီး ပုံစံနှစ်မျိုးပြုလုပ်၍ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက်များ တင်ပို့ရောင်းချအား တက်လာသည့်အတွက် ကွမ်းသီးစိုက်ပျိုးသူများနှင့် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကွမ်းသီးညှပ်လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၄၄၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၄၄၄၆ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၁၆ ဧကနှင့် ဖူးစားပြောင်း ၆၀၂၂ ဧက စုစုပေါင်း ၇၁၃၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၉၈၇ ဧကနှင့် ဖူးစားပြောင်း ၃၄၅၉ ဧက စုစုပေါင်း ၄၄၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၇၁၃၈ ဧကလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ၄၄၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှား ရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျွဲကျောင်း(တ)ကျေးရွာနှင့် ကျွဲကျောင်း(မ)ကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွဲကျောင်း(တ)ကျေးရွာနှင့် ကျွဲကျောင်း(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မြို့သစ်(၁)၊ ဆ-၁၀/၁၁၉ နေ ဦးကျော်သူဟိန်း-ဒေါ်ဖြူဖြူဇော် သား မောင်မင်းမြတ်သုတမိသားစုက ဆွမ်း/ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၂၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အင်းတော် ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၂၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၆၅ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အင်းတော်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၁၀၉၆၅ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၂၂၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မာရေးပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် နေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များ ထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ရေကြည် ဒီဇင်ဘာ ၂၈**

ရောဝတီဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်စေရန်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ကာ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဆင်းပွဲကို ဒီဇင်ဘာ ၂၇ ရက်က ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဌေးက အမှာစကားပြောကြားပြီး ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိသော အတတ်ပညာများကို ပြန်လည်အသုံးချစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးအခက်အခဲရှိပါက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အကူအညီရယူနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းသူများအား ဆုချီးမြှင့်ပြီး သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို သင်တန်းသူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ် သင်တန်းသို့ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် သင်တန်းနည်းပြဆရာမများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဇင်မာဦး**

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၇၁၀၄၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပုသိမ် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောစပါး ၁၇၁၀၄၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၅၀၆၆၆၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော စပါးခင်းများကို ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၁၇၁၀၄၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သော စပါးတစ်ကေလျှင် ၁၀၉ ဒသမ ၂၁ တင်းထိထွက်ရှိကြောင်း သိရသည်။

"ပုသိမ်ခရိုင်မှာ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၅၀၆၆၆၃ ကေထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါး ၁၇၁၀၄၆ ကေထိ ရိတ်သိမ်းပြီးစီးသွားပြီးဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာလဲ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စပါးမစိုက်မီအချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာက စိုက်ပျိုးခဲ့သည့်စပါးများ မြို့နယ်အလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ကေ ၁၃၉၈၀၊ ကန်ကြီးထောင့်မြို့နယ်တွင် ၅၂၅၉၅ ကေ၊ သာပေါင်းမြို့နယ်တွင် ၉၅၈၄ ကေ၊ ငပုတောမြို့နယ်တွင် ၉၄၈၈၇ ကေဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဟောပြောခြင်းအတတ်

## ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

လူရာဝင်ချင်ရင် အခြားအကြောင်းခြင်းရာတွေ အသာထား၊ စကားတော့ပြောတတ်ရမယ်။ "ပြောတတ်ပါတယ်၊ အသက်အရွယ်နှစ်နှစ်သား၊ သုံးနှစ်သားကတည်းက စကားတတ်ခဲ့တာပဲ"။ ဟာ... အဲသလို ထမင်းစားရေသောက်ပြောတတ်တာမျိုးကို မဆိုလိုဘူးလေ။ ကိုယ်ပြောတဲ့စကားကို တစ်ပါးသူတွေက အာရုံစိုက်ပြီး နားထောင်ချင်အောင် နားဝင်လက်ခံလာအောင် ပြောတတ်ဆိုတတ်၊ ဌာန်ကရိုဏ်းကျအောင်ရွတ်ဆို၊ ရွတ်ဖတ်တတ်ခြင်းကို ဆိုလိုပါတယ်ခင်ဗျာ။

ပီပီသသ ရှင်းရှင်းလင်းလင်း၊ ဌာန်ကရိုဏ်းကျကျ ပြောတတ်ခြင်းကို အင်္ဂလိပ်လို Articulacy လို့ခေါ်ပါတယ်။

လူတစ်ဖက်သား နားလည်သဘောပေါက်စေပြီး နှစ်သက်သဘောကျအောင် အပြောအဟောကောင်းတာမျိုးကို Eloquent(adj) လို့ဆိုရပါတယ်။

ဘာသာစကားတစ်ခုခုကို ကောင်းကောင်းမွန်မွန် ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်ခြင်းကိုတော့ အင်္ဂလိပ်လို Fluency(n)လို့ခေါ်ပါတယ်။

ဟောမှုပြောမှုအတတ်ကိုကော ဘယ်လိုခေါ်ပါသလဲဆိုရင် Oratory နှုတ်မှုအတတ်၊ စကားပြောဆိုမှုပညာခေါ်ရပါတယ်။

**လူတိုင်းအတွက်**

စကားနဲ့ပတ်သက်တဲ့အင်္ဂလိပ်စကားလုံးတွေကိုတော့ အခြေခံပညာအလယ်တန်းအဆင့်လောက် ကျောင်းသားတိုင်း သိနေကြပါတယ်။ စကားဆိုတာကို နေရာအလိုက် သုံးနှုန်းကြတာ၊ Word, Speech, Talk, Speak စသဖြင့် အခြေအနေအချိန်အခါနဲ့ ဆီလျော်အောင် ရေးကြပြောကြရတယ်လေ။

လူထုပရိသတ်ရှေ့မှောက် သို့မဟုတ် လူအများပါဝင်တဲ့လူစုလူဝေးရှေ့မှာ စကားပြောတတ်ဖို့ဆိုတာက ခေါင်းဆောင်နေရာ၊ ဦးစီးဦးဆောင်တာဝန်၊ ညွှန်ကြားရေးမှူး၊ အမှုဆောင်အရာရှိချုပ်၊ ဝန်ကြီး၊ ဗိုလ်ချုပ်၊ သံအမတ်ကြီး စတဲ့ပုဂ္ဂိုလ်မျိုးတွေအတွက် ကျွမ်းကျင်တတ်မြောက်အပ်တဲ့ ဘာသာရပ်၊ ပညာရပ်၊ အတတ်ပညာဖြစ်ပါတယ်။

လူရာဝင်ဖို့ရာအတွက်ဆိုရင် အခြားအတတ်ပညာတွေ အသာထား၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးလုပ်ချင်ရင်တောင် ပြောတတ်ဆိုတတ်ရှိပါမှ အဆင်ပြေမယ်ဗျာ။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး(တိုက်နယ်သူကြီး) ရွာသူကြီး၊ ရွာခေါင်း၊ ရာအိမ်မှူး စတဲ့လူတွေမှာ ပြောတတ်ဆိုတတ်ရှိသူမျိုးပဲလုပ်နိုင်တယ်။ မပြောတတ် မဆိုတတ်၊ မဆက်ဆံတတ်၊ မစီမံတတ်တဲ့လူဟာ ထိုနေရာမှာ မမြဲဘူးလေ။ သိတဲ့အတိုင်းပဲ။

အခုတစ်လော အင်္ဂလန်နိုင်ငံမှာ ဝန်ကြီးချုပ်တွေ နှစ်နှစ်၊ သုံးနှစ်အတွင်း ဝန်ကြီးချုပ် လေး၊ ငါး၊ ခြောက်ယောက် တစ်ယောက်ဆင်းတစ်ယောက်တက် ပြောင်းလဲသလိုပေ့ါ။

အင်္ဂလန်နိုင်ငံမှာ ဝန်ကြီးချုပ်တွေ ဖင်ပူအောင် မထိုင်ရခင် တစ်ယောက်ပြီးတစ်ယောက် ဆင်းပြေးကြရတာကတော့ အပြောအဟောညံ့တာထက် အင်္ဂလန်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အဘက်ဘက်က ကျဆင်းယိမ်းယိုင်ခြင်းကြောင့်လို့ ဆိုနိုင်ပါလိမ့်မယ်။

ဝန်ကြီးချုပ်တွေ ပြောင်းလိုက်ကြရတာ ကြည့်လေ။ ဘောရစ်ဂျွန်ဆင်၊ တိုနီဘလဲယား၊ ထရီဇာမေ၊ လက်ဇ်ထရပ်၊ ရီရှီဆူနက်၊ ကီယာစတိုင်းမား၊ (သူလဲပြုတ်သွားပြန်ပြီ)၊ လပိုင်းလောက်သာ လုပ်ရတယ်။ ဖင်မနွေးသေးဘူး။

**ခေါင်းဆောင်**

တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ဆို အနှစ် ၂၀ လောက် ခေါင်းဆောင်လုပ်တာ သူ့နိုင်ငံတိုးတက်ဖွံ့ဖြိုးတာလဲ မြင်တဲ့အတိုင်းပဲ။ လိုအပ်လို့ စကားပြောရရင် ပြောနိုင်ဆိုနိုင်၊ ပြောတတ်ဆိုတတ်ရှိကြတယ်။

အဟောအပြောတတ်သူဖြစ်ဖို့ဆိုတာ အကြားအမြင်ဗဟုသုတပြည့်ဝမှုရတယ်။ သို့မှသာ အမြင်ကျယ်တယ်။

ဗဟုသုတအသိအမြင်ကျယ်ဖို့ဆိုတာ စာဖတ်မှရတယ်။ ရုပ်ရှင်တွေ၊ သီချင်းတွေ၊ အပြန်အလှန်ပုတ်ခတ်ချိုးနှိမ်နေတာမျိုးတွေထက် စာကောင်းပေကောင်း စာကြီးပေကြီး၊ ဂန္ထဝင်ဝတ္ထုရှည်တွေ၊

**❖ စာဖတ်ရင် ဗဟုသုတကြွယ်ဝတယ်။ ဗဟုသုတရှိတော့ အမြင်ကျယ်တယ်။ အမြင်ကျယ်တော့ စကားရဲ့အနက်အဓိပ္ပာယ်နဲ့တန်ဖိုးကို ကွဲကွဲပြားပြား နားလည်တယ်။ အခြေအနေအချိန်အခါအလိုက် ပြောဟောရမယ့်စကားရဲ့အတိုင်းအဆကို ခွဲခြားသိမြင်တယ်။ ဒီတော့ ထိရောက်အဆင်ပြေအောင်၊ အကျိုးရှိထိရောက်အောင် ပြောတတ်ဟောတတ်တာပေါ့။ အခြေခံအချက်က စာများများဖတ်ရမယ်။ ပိုကောင်းအောင် ဟောတာပြောတာကို လေ့ကျင့်ပြုပြင်နေရမယ်။ ကိုယ်လုပ်တဲ့အလုပ် အောင်မြင်ချင်ရင် အဟောအပြောပညာ တတ်မြောက်ရပေမယ်။ ဆယ်အိမ်ခေါင်းပဲလုပ်လုပ်၊ အုပ်ချုပ်ရေးပဲလုပ်လုပ်၊ မန်နေဂျာပဲလုပ်လုပ်၊ အမတ်ပဲလုပ်လုပ်။ ❖**

ဂန္ထဝင်ကဗျာတွေ လေ့လာဆည်းပူးရမှာဖြစ်ပါတယ်။ ရုရှားသမ္မတ ပူတင် တစ်ခါက ပြောဖူးတယ်။

"လူတွေကို အမျိုးအစားခွဲခြားရင် အမျိုးအစားအများကြီးမကွဲပြားပါဘူး။ နှစ်မျိုးနှစ်စားပဲရှိတာပါ"တဲ့။

"(၁) ရုရှားစာရေးဆရာ ဖြိုဒေါ်ဒေ့ါစတိုယက်စကီ (Fyodor Dostoevsky (1821–1881)ရေးတဲ့ စာတွေဖတ်ဖူးသူနဲ့ (၂) မဖတ်ဖူးသူတွေပါပဲ"တဲ့။

ဆိုလိုတာက ကရာမာဇော့ညီအစ်ကိုများ ဝတ္ထုရှည် (၁၈၈၀)၊ ပြစ်မှုပြစ်ဒဏ်ဝတ္ထုရှည်(၁၈၈၆)၊ ဖြုဆွတ်သောညများ(၁၈၄၈) စတဲ့လူ့သဘောသဘာဝအဖွဲ့ ဝတ္ထုကြီးတွေကို ဖတ်ဖူးတဲ့သူတွေက လူမှုရေးနားလည်ကြတယ်။ အဲဒီလို စာကောင်းပေကောင်းမကြားဖူး၊ မမြင်ဖူး၊ မဖတ်ဖူးသူတွေက လူထုံလူဖျင်း၊ လူနုံလူအ အမျိုးအစားပဲဖြစ်မှာပဲလို့ တင်စားပြောဆိုလိုက်ပုံရပါတယ်။ ရုရှားသမ္မတ ပူတင်က တပ်မတော်ထောက်လှမ်းရေးနဲ့ သံတမန်တာဝန်မျိုးကို ငယ်စဉ်ကပင် နိုင်ငံခြားမှာ ရန်သူအမျိုးမျိုး အစားစားနဲ့ စစ်ကစားခဲ့တဲ့ ဘဝအတွေ့အကြုံကို ပါးပါးနပ်နပ် ဖြတ်သန်းခဲ့သူပါ။

**လူ့သဘာဝသိရ**

စာဖတ်ရင် ဗဟုသုတကြွယ်ဝတယ်။ ဗဟုသုတရှိတော့ အမြင်ကျယ်တယ်။ အမြင်ကျယ်တော့ စကားရဲ့ အနက်အဓိပ္ပာယ်နဲ့တန်ဖိုးကို ကွဲကွဲပြားပြား နားလည်တယ်။ အခြေအနေအချိန်အခါအလိုက် ပြောဟောရမယ့်စကားရဲ့ အတိုင်းအဆကို ခွဲခြားသိမြင်တယ်။ ဒီတော့ ထိရောက်အဆင်ပြေအောင်၊ အကျိုးရှိထိရောက်အောင် ပြောတတ်ဟောတတ်တာပေါ့။

အခြေခံအချက်က စာများများဖတ်ရမယ်။ ပိုကောင်းအောင် ဟောတာ ပြောတာကို လေ့ကျင့်ပြုပြင်နေရမယ်။ ကိုယ်လုပ်တဲ့အလုပ် အောင်မြင်ချင်ရင် အဟောအပြောပညာ တတ်မြောက်ရပေမယ်။ ဆယ်အိမ်ခေါင်းပဲလုပ်လုပ်၊ အုပ်ချုပ်ရေးပဲလုပ်လုပ်၊ မန်နေဂျာပဲလုပ်လုပ်၊ အမတ်ပဲလုပ်လုပ်။

ပရိသတ်ကိုဟောပြောနည်းနဲ့ပတ်သက်လို့ ဆရာကြီး ပီမိုးနင်း၊ ဆရာကြီးလယ်တွင်းသား စောချစ်၊ ဆရာကြီးဌေးမောင်၊ ဆရာကြီးဖေမြင့်၊ ဆရာဝေလွင်မောင်၊ ဆရာလူအောင်၊ ဆရာမောင်ဗေဒါ စသဖြင့် ရေးသားခဲ့တဲ့စာအုပ်များရှိပါတယ်။ ယူကျူမှာ ရှာကြည့်ရင်လည်း တွေ့ရှိနိုင်ပါတယ်။ လေ့လာသင့်ပါတယ်။

**သိစေလို**

ဖတ်ဖူးတယ်။ ဖတ်ပြီးသားပါဆိုသူများအတွက် ထပ်မံကျေညက်အောင် ဆွေးနွေးတင်ပြလိုတာက အနှစ်ချုပ်အနေနဲ့ တိုတိုပါပဲ။ အောက်ပါအချက်များကို မဖြစ်မနေ သိစေလိုပါတယ်။

**၁။ လေ့ကျင့်ဇာတ်တိုက်ခြင်း**

ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို ကြိုတင်ပြုစု။ ဖတ်၊ မှတ်၊ ချဲ့ခြင်းချုံ့ခြင်း ပြောနိုင်အောင်ပြင်။ တကယ့်ပွဲကြီးလိုသဘောထားပြီး စိတ်ပါလက်ပါ ပြောစမ်းကြည့်ပါ။ အချိန်တိုင်းတာပါ။

**၂။ ကြောက်စိတ်ကို ပယ်ဖျောက်ပါ။ ရဲရဲပြောပါ။** မိမိကိုယ်ကို ယုံကြည်မှုရှိပါ။ မျက်တောင်လေး ပေကလပ်ပေကလပ်နဲ့ ဟိုကြည့်သည်ကြည့်၊ အားငယ်တဲ့ မယုံမရဲမျက်နှာထားက မအောင်မြင်စေပါ။ ပရိသတ်နဲ့ (Eye Contact) မျက်လုံးချင်းဆုံပါ။

**၃။ စကားလုံးရှင်းလင်းပီသအောင် ပြောပါ။** မမြန်လွန်းစေနဲ့၊ မနှေးလွန်းစေနဲ့။ အသက်ဝဝရှူပြီး တည်တည်ငြိမ်ငြိမ်၊ ထက်ထက်သန်သန်၊ စိတ်ပါလက်ပါ ပြောဟောပါ။

**၄။ စိုးရိမ်ပူပန်မရှိရ။** စိတ်ထဲက သောကရှိရင်(Body Language) ကိုယ်ဟန်အမူအရာမှာ ပေါ်လွင်နေတယ်။ ပရိသတ်ထဲက အကဲခတ်တတ်သူပါတယ်။

**၅။ အသံတည်တာ မှန်ပါစေ။** မအော်လွန်းရ၊ အသံမပျော့လွန်းစေရ၊ မပွင့်တပွင့်မပြောနဲ့။ (Voice Con-trol) ပြောရင်းပြောရင်း အသံကျသွားခြင်း၊ မြင့်လာခြင်းမရှိစေရ။

**၆။ ပရိသတ်ကိုကြည့်ရင်းပြောပါ။** စာရွက်ကိုချည်း ငုံ့ဖတ်မနေရ။ ပရိသတ်ကို အကဲခတ်၍ အတင်အချအတိုးအလျှော့(သူတို့နားနဲ့အဆင်ပြေအောင်)ညှိယူပါ။

**၇။ အခန်း၊ ကွင်းအခြေအနေနဲ့ဆီလျော်ပါစေ။** အသံ၊ အလင်း၊ လေဝင်လေထွက်၊ နေပူ၊ မိုးရွာ၊ နှင်းကျခြင်း၊ မီးပျက်ခြင်း စသည့်အခြေအနေများကြောင့် အနှောင့်အယှက်မဖြစ်စေရအောင် ကြိုတင်ပြင်ဆင်စီမံထားသင့်။

**၈။ အပြန်အလှန်အားပေးမှု။** ဟောပြောချက်ဟာ ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ ထိစပ်နေရခြင်းမို့ ပျော်စရာ၊ လွမ်းစရာ၊ သောစရာ၊ ရယ်စရာ ခံစားမှုချင်း ရိုက်ခတ်ပါတယ်။ (Mirror to Connect)ထိဆက်မှုမှာ မတက်ကြွလွန်းအောင်ထိန်းပါ။ စိတ်ပျက်မသွားအောင် လိမ္မာစွာပြောဟောပါ။

**၉။ ပရိသတ်အများစုရဲ့ဘာသာစကား။** ကျေးလက်တောရွာပရိသတ်ကို တက္ကသိုလ်ဆရာ၊ ဆရာမ ပြောတဲ့စကားလုံးတွေ ပြောလို့မသင့်။ လွှတ်တော်လို၊ အုပ်ချုပ်ရေးအစည်းအဝေးလို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအကြောင်းအရာမျိုးမှာ တောသူတောင်သားချင်း ပြောကြတဲ့လေသံ၊ အချိုးမျိုးနဲ့သွားပြောလို့မတော်။ အမြင်မတော် ဆင်တော်နဲ့ ခလောက်မဖြစ်စေရ၊ (Speak their Language) ပရိသတ်ရဲ့အခြေအနေနဲ့ သဟဇာတဖြစ်စေရမယ်။

**၁၀။ ပြောလည်းပြော။ ပြလည်းပြ။** ပြသတာကို အလေးထားပါ။

**၁၁။ ပရိသတ်နဲ့မိမိတို့ခရီးအတူသွားကြသလို ရင်းနှီးမှုအခြေခံပြီးဆွဲခေါ်သွားပါ။**

**၁၂။ စမပြောခင် နိဒါန်းပိုင်းမှာတင် ပရိသတ်ငြိလုံး၊ ထိလုံး၊ တစ်ခုခုနဲ့ ဆွဲဆောင်တတ်ပါစေ။**

၁၃။ ငြီးငွေ့လောက်တဲ့အချိန်၊ ပရိသတ်အများရဲ့ မျက်နှာမှာ စိတ်ဝင်စားမှုနည်းလာပုံမျိုး တွေ့ရရင် (ကိုယ်ပြောချင်တာ စွတ်ပြောမနေနဲ့) သူတို့အာရုံဝင်စားနိုင်လောက်တဲ့ **သင့်တော်မယ့်ပုံပြင်၊ ဇာတ်လမ်း၊ ဝတ္ထုတစ်ခုခုနဲ့ ပြန်ဆွဲယူပါ။**

၁၄။ ဟောပြောပွဲရဲ့အောင်မြင်မှုဟာ **ဟောပြောသူနဲ့ ပရိသတ်ရဲ့ လမိုင်းကပ်မှုပေါ်မူတည်တယ်။ ဖွဲ့လိုပါတယ်**

စာရေးသူဟာ ငါကြီးလာရင် စာရေးဆရာလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တစိုက်မတ်မတ် စာဖတ်၊ စာရေး ကြိုးစားခဲ့တာ ၂၂ နှစ်ကြာမှ မဂ္ဂဇင်းငါးစောင်မှာ အဆက်မပြတ်ဖော်ပြခံရတဲ့ ဆောင်းပါးရှင် စာရေးသူဖြစ်လာပါတယ်။ ပန်းတိုင်ရောက်ဖို့ဟာ **"ဖွဲ့လိုပါတယ်"**။

ပရိသတ်ကိုဟောပြောခြင်းပညာကို အသက် ၅၀ လောက်မှ ဆရာကြီးလယ်တွင်းသားစောချစ်၊ ဆရာကြီး အီကြာကွေး(ဓနုဖြူကျော်ထွန်း)တို့ရဲ့ လက်တွဲခေါ်ယူပြုပြင်တည့်မတ်ပေးမှုကြောင့် ဆယ်နှစ်လောက်ကြာတဲ့အခါ အသင့်အတင့်ဟောနိုင်ပြောနိုင်တဲ့ အဆင့်သို့ရောက်ခဲ့ပါတယ်။

**နိဂုံး**

ဟောခြင်းပြောခြင်းအနုပညာဟာ လိုက်စားလေလေ ကျယ်ဝန်းလေလေ၊ တန်ဖိုးရှိသလောက်၊ အကျိုးထိရောက်မှုကြီးမားသလောက်၊ လေးနက်ကျယ်ဝန်းတဲ့အတတ်ပညာလို့လဲ ပြောရပါလိမ့်မယ်။ ရှာဖွေလေလေ တွေ့ရှိလေ၊ နှိုက်လေထွက်လေ၊ ဆည်းပူးလို့ပဲ မကုန်နိုင်အောင် နက်နဲတယ်ခင်ဗျာ။ **လူတိုင်း လူတိုင်း လေ့လာဆည်းပူးအပ်တဲ့ပညာပါ။**

ခေါင်းဆောင်တာဝန်အောင်မြင်လိုသူတိုင်း၊ မိမိဘဝကို ထိရောက်တွင်ကျယ်စွာ စီမံကွပ်ကဲချင်သူတိုင်းဟာ **"ဟောပြောခြင်းအတတ်"**ကို ကျွမ်းကျင်စွာ အသုံးချတတ်ရပါမယ်။

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၁၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၁၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၃၀၂၁ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဝါးခယ်မမြို့နယ်အတွင်း စားဖိုဆောင်းသီးနှံ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေ ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေအနေနဲ့ စားဖိုဆောင်းသီးနှံကို ဒေသနဲ့ ကိုက်ညီတဲ့သီးနှံတွေ အဓိက စိုက်ပျိုးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အဆိုပါစားဖိုဆောင်းသီးနှံများစိုက်ပျိုးရာတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီထုပ်၊ နံနံပင်၊ မုန်လာဥ၊ ခရမ်း၊ သခွား၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်စသည့်သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်းသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## အရိပ်

- ငယ်စဉ်ကာလ မွေးကင်းစမှ
မိဘရင်ခွင် အနွေးဓာတ်ဝင်အောင်
အကြင်နာပေး နို့ချိုအေးကို
ခိုမှေးနားပျော် ခြင်ယင်သော်မှ
မကျော်မလွှား ဖယ်ကာရှား၍
အင်အားပေးဝေ စောင့်ရှောက်စေကာ
မွေးမေချော့သိပ် မှေးခိုအိပ်လို့
အရိပ်ပေးကြ မြတ်မိဘ။

- ငယ်ရွယ်စဉ်ခါ မြတ်ပညာကို
သင်ကာပြပေး ဆရာ့တေးက
ငြိမ်းအေးထံတျာ စာကဗျာနှင့်
ပညာရဖို့ သင်ကြားလို့ဖြင့်
ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီကို
ရောင်နီအဆင်း ကြယ်နီဝင်းသို့
အလင်းရောင်ဖိတ် အမှောင်ပိတ်ကာ
အရိပ်ကိုပေး ပညာရေး။

- မကောင်းမှုရှောင် ကောင်းမှုဆောင်လို့
လူ့ဘောင်အတွင်း ငရဲကင်းအောင်
သန့်ရှင်းကြည်လင် စိတ်ထားပြင်ဖို့
အစဉ်ဆုံးမ တရားပြ၍
ဒေါသကိုပယ် မေတ္တာနယ်တွင်
ချစ်ဖွယ်စကား ပြောဆိုငြားကာ
တရားကိုဆောင် ဤလူ့ဘောင်ဝယ်
အမှောင်တွင်းမှ ရှောင်ကွင်းကြဖို့
လမ်းပြချွေးသိပ် မှေးခိုအိပ်လို့
အရိပ်ကိုပေး ငြိမ်းချမ်းအေး၏။ ။

**ရွှေတိုး(ထုံးဘို)**

# သာယာဝတီမြို့နယ် ဖိုးခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုးခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၆၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖိုးခေါင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့်စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# တာချီလိတ်မြို့နယ် မယ်လိတ်ပါကော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တာချီလိတ် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်လိတ်ပါကော်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွဲလွဲသင်းနှင့် တာဝန်ရှိသူများက မယ်လိတ်ပါကော်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မယ်လိတ်ပါကော်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ သဲဖြူန်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၈၇၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဩဂုတ်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိတောင်သူများ၏ လယ်ယာမြေဧကများမှ ထွက်ကုန်၊ ထုတ်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**



# နိုင်ငံတကာ သတင်းများ

## ငြိမ်းချမ်းစွာဖြေရှင်းရေးကိုမလိုလားပါက ရည်မှန်းချက်များကို အင်အားဖြင့်ရယူမည်ဟု ယူကရိန်းကို ရုရှားသမ္မတပူတင် ပြောကြား



**မော်စကို ဒီဇင်ဘာ ၂၈**

လေးနှစ်နီးပါးကြာ ယူကရိန်း ပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းရန် ဆန္ဒမရှိပါက ရုရှားနိုင်ငံအနေဖြင့် မိမိတို့ ရည်မှန်းချက်အားလုံးကို စစ်အင်အားဖြင့်ရယူမည်ဟု ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ မတွေ့ဆုံမီ ရုရှားသမ္မတပူတင်က ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတပူတင်၏ အဆိုပါ ပြောကြားချက်နှင့် ပတ်သက်၍ အမေရိကန်အစိုးရက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့သည် ယနေ့တွင် ဖလော်ရီဒါပြည်နယ်၌ တွေ့ဆုံ၍ အချက် ၂၀ ပါ ယူကရိန်းငြိမ်းချမ်းရေး အဆိုပြုမူဘောင်ပါ အချက်များနှင့်ပတ်သက်၍ ဆွေးနွေးရန် စီစဉ်ထားသည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်း ပြဿနာကို ငြိမ်းချမ်းစွာအဖြေရှာရန်ဆန္ဒရှိသော်လည်း ယူကရိန်း ပဋိပက္ခဆိုင်ရာ ရည်မှန်းချက်များမှာ အပြောင်းအလဲမရှိကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ဒီဇင်ဘာ ၂၇ ရက်က ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့အပါအဝင် ယူကရိန်းဒေသများကို လေကြောင်းတိုက်ခိုက်မှုများ ပြင်းထန်စွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်နိုင်ငံ၌ မော်တော်ယာဉ် ၆၇ စီးပါဝင်သည့် အစုလိုက်အပြုံလိုက် ယာဉ်တိုက်မှု ဖြစ်ပွား

**တိုကျို ဒီဇင်ဘာ ၂၈**

ဂျပန်နိုင်ငံ ဂန်ဖာစီရင်စု အဝေးပြေးလမ်းပေါ်၌ မော်တော်ယာဉ် ၆၇ စီး ပါဝင်သည့် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ရာလူနှစ်ဦး သေဆုံး၍ ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဂျပန်တာဝန်ရှိသူများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ယာဉ်တိုက်မှုသည် မီနာကာမီမြို့ အဝေးပြေးလမ်းမပေါ်၌ ဒီဇင်ဘာ ၂၆ ရက် ညပိုင်း ဆီးနှင်းများ ထူထပ်စွာကျဆင်းနေချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်အစုလိုက်အပြုံလိုက်ဝင်တိုက်မှုသည် ကုန်တင်ယာဉ်နှစ်စီးဝင်တိုက်မိရာမှ အစပြု၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ယာဉ်အစုလိုက်အပြုံလိုက်ဝင်တိုက်မှုအတွင်း ဒဏ်ရာရရှိသူများအနက် ငါးဦးမှာ အခြေအနေစိုးရိမ်ရကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ယာဉ်အစုလိုက်အပြုံလိုက်ဝင်တိုက်မှုအတွင်း မီးလောင်မှုလည်းဖြစ်ပွားခဲ့ရာ မော်တော်ယာဉ်အစီး ၂၀ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသားများ၏ နှစ်ကုန်နှင့် နှစ်သစ်ကူးအားလပ်ရက်ရာသီ စတင်ချိန်တွင် မော်တော်ယာဉ် ၆၇ စီးပါဝင်သည့် အစုလိုက်အပြုံလိုက် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇာခါရိုဗာကို ရုရှားနိုင်ငံ၏ အမြင့်ဆုံးဘွဲ့တံဆိပ် သမ္မတပူတင် ချီးမြှင့်

**မော်စကို ဒီဇင်ဘာ ၂၈**



ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေး ညွှန်ကြားရေးမှူးမာရီယာဇာခါရိုဗာကို ရုရှားသမ္မတ ပူတင်က ရုရှားနိုင်ငံ၏ အမြင့်ဆုံး ဘွဲ့တံဆိပ်တစ်ခုဖြစ်သည့် Order of Merit for the Fatherland ဘွဲ့ကို ဒီဇင်ဘာ ၂၄ ရက်တွင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒများကို အကောင်အထည် ဖော်ရာတွင် ပါဝင်မှု၊ သံတမန်ရေးတာဝန်များကို ကာလကြာရှည်စွာ အနစ်နာခံ ထမ်းဆောင်ခဲ့မှုတို့အတွက် အဆိုပါ ဘွဲ့တံဆိပ်ကို ရုရှားသမ္မတ ပူတင်က မာရီယာဇာခါရိုဗာကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

Order of Merit for the Fatherland ဘွဲ့တံဆိပ်သည် ရုရှားနိုင်ငံ၏ အဆင့်အမြင့်ဆုံး နိုင်ငံတော်ဘွဲ့တံဆိပ်ဖြစ်သည်။

ရုရှားနိုင်ငံအပေါ် ချစ်မြတ်နိုးစိတ်ကို ရင်ထဲထည့်သွင်းပေးခဲ့သည့်အတွက် မိဘနှစ်ပါးကို ကျေးဇူးတင်ရှိကြောင်း မာရီယာဇာခါရိုဗာက ကရင်မလင်နန်းတော်တွင် ကျင်းပသည့် ဘွဲ့တံဆိပ်များချီးမြှင့်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

မိမိ၏ အမိမြေ၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးတတ်စေရေးအတွက် သင်ကြားပေးခဲ့သည့် မိမိ၏ မိဘနှစ်ပါးကို ကျေးဇူးတင်ရှိကြောင်း မာရီယာဇာခါရိုဗာက ပြောကြားခဲ့သည်။

မာရီယာဇာခါရိုဗာသည် ၁၉၉၈ ခုနှစ်တွင် မော်စကို နိုင်ငံတကာ ဆက်ဆံရေးအင်စတီကျုမှ ဘွဲ့ရခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

ရုရှားသမ္မတပူတင်သည် ဒီဇင်ဘာ ၂၄ ရက်တွင် ရုရှားရုပ်ရှင်ဒါရိုက်တာ နီကီဆာမီခါလော့ဗ်ကို Order of St. Andrew the Apos–tle ဘွဲ့တံဆိပ်ကို လည်းကောင်း၊ ပြည်သူ့အနုပညာရှင် ယူရီအင်တိုနော့ဗ်ကို Order for Merit to the Fatherland ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အင်ဒိုနီးရှားကမ်းလွန်၌ ရေယာဉ်တစ်စီးနစ်မြုပ်၊ စပိန်နိုင်ငံသား မိသားစုဝင်လေးဦး ပျောက်ဆုံး

**ဂျကာတာ ဒီဇင်ဘာ ၂၈**

အင်ဒိုနီးရှား ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ ရာသီဥတု ပြင်းထန်မှုကြောင့် ရေယာဉ်တစ်စီးနစ်မြုပ်ခဲ့ရာ စပိန်နိုင်ငံသား မိသားစုဝင်လေးဦး ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုသည် လာဘူအန်ဘာဂျိုကျွန်းအနီး ပါဒါးအိုင်းလန်း ရေလက်ကြားအတွင်း ဒီဇင်ဘာ ၂၆ ရက် ညပိုင်းတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

လူ ၁၁ ဦး လိုက်ပါလာသည့် အဆိုပါရေယာဉ်သည် အမြင့် သုံးမီတာကျော်ထိရှိသည့် လှိုင်းများ၏ ရိုက်ခတ်မှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။



ရေယာဉ်နစ်မြုပ်မှု ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရှာဖွေကယ်ဆယ်ရေးသမားများက လူ ခုနစ်ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း စပိန်နိုင်ငံသား မိသားစုဝင်လေးဦးမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

လက်ရှိတွင် ရှာဖွေကယ်ဆယ်ရေးသမားများက ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ရေယာဉ် နစ်မြုပ်ပြီးနောက် ပျောက်ဆုံးနေသူလေးဦးမှာ စပိန်နိုင်ငံ ဗလင်စီယာ အမျိုးသမီးဘောလုံးအသင်း အရန်နည်းပြနှင့် ၎င်း၏ ရင်သွေးသုံးဦးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂွာတီမာလာ၌ ခရီးသည်တင်ဘတ်စကားတစ်စီး ချောက်ထဲသို့ ထိုးကျ ခရီးသည် ၁၅ ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိ

**ဂွာတီမာလာစီးတီး ဒီဇင်ဘာ ၂၈**

ဂွာတီမာလာနိုင်ငံ၌ ခရီးသည်တင်ဘတ်စကားတစ်စီး လမ်းချော်၍ ချောက်ထဲသို့ထိုးကျခဲ့ရာ ခရီးသည် ၁၅ ဦး သေဆုံး၍ ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂွာတီမာလာ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဘတ်စကား မတော်တဆမှုသည် တိုတိုနီကာပင်မြို့အနီး အဝေးပြေးလမ်းပေါ်၌ ဒီဇင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးသမားများအနေဖြင့် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို မော်တော်ယာဉ်ထဲမှ ထုတ်ယူရေးအတွက် နှစ်နာရီကျော် အချိန်ယူခဲ့ရကြောင်း ဂွာတီမာလာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်အတော်တဆမှုအတွင်း သေဆုံးသူနှင့် ဒဏ်ရာရခဲ့သူများအတွက် ဂွာတီမာလာအစိုးရက ဝမ်းနည်းကာလအဖြစ် သုံးရက်ကြေညာထားသည်။

တောင်ကုန်းတောင်တန်းထူထပ်သည့် ဂွာတီမာလာနိုင်ငံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှု အားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ဂွာတီမာလာအစိုးရ၏ အဆိုအရ ယခုနှစ်အတွင်း မော်တော်ယာဉ် ၄၄၆ စီးပါဝင်သည့် ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၁၁ ဦးနှင့် ဒဏ်ရာရရှိသူ ဦးရေ ၆၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## သက်တမ်းကုန် လလေ့လာရေးအာကာသယာဉ်များအတွက် အာကာသယာဉ်သင်္ချိုင်းနေရာ သတ်မှတ်သင့်ကြောင်း သိပ္ပံပညာရှင်များပြောကြား



**လန်ဒန် ဒီဇင်ဘာ ၂၈**

မစ်ရှင်သက်တမ်း ကုန်ဆုံးခဲ့သည့် လလေ့လာရေးအာကာသယာဉ်များအတွက် လကမ္ဘာပေါ်ရှိ လွတ်လွတ်ကင်းကင်း နေရာများကို အာကာသယာဉ် သင်္ချိုင်းနေရာများအဖြစ် သတ်မှတ်ထားသင့်ကြောင်း သိပ္ပံပညာရှင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဒီဇင်ဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လာမည့် နှစ် ၂၀ အတွင်း လကမ္ဘာကို လှည့်ပတ်လေ့လာမည့် လလေ့လာရေး အာကာသယာဉ် အရေအတွက်မှာ မြင့်တက်လာမည်ဖြစ်ရာ ၎င်းအာကာသယာဉ်များမစ်ရှင်သစ် သက်တမ်းကုန်ဆုံးပါက ၎င်းတို့ကို အနားပေးရမည့် နေရာများကို လမျက်နှာပေါ်တွင် သတ်မှတ်ထားသင့်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ထိုသို့ အာကာသယာဉ်သင်္ချိုင်း နေရာများ သတ်မှတ်ထားခြင်းဖြင့် လမျက်နှာပြင်ပေါ်သို့ ပျက်ကျမည့်သက်တမ်းကုန် လလေ့လာရေး အာကာသယာဉ်များကြောင့် လကမ္ဘာပေါ်ရှိ သမိုင်းဝင်နေရာများ၊ သိပ္ပံပညာအရ အရေးကြီးသောနေရာများ ထိခိုက်ပျက်စီးမည့်အရေးကို တားဆီးနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ နိုင်ငံတကာ အာကာသအေဂျင်စီများသည် လာမည့် နှစ် ၂၀ အတွင်း လလေ့လာရေး အာကာသယာဉ်ပေါင်း ၄၀၀ ကျော်ထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

မစ်ရှင်သက်တမ်းကုန်ဆုံးချိန်တွင် လလေ့လာရေး အာကာသယာဉ်များသည်လပေါ်သို့တစ်စက္ကန့်လျှင် ၁ ဒသမ ၂ မိုင်နှုန်းဖြင့် ထိုးကျလာမည်ဖြစ်ရာ နောက်ဆက်တွဲပေါ်ထွက်လာမည့် တုန်ခါလှိုင်းများကြောင့် လပေါ်ရှိ သိပ္ပံပညာလေ့လာရေး ကိရိယာများ ပျက်စီးသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက မိုးလေဝသဂြိုဟ်တု အောင်မြင်စွာလွှတ်တင်နိုင်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၂၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် မျိုးဆက်သစ် မိုးလေဝသဂြိုဟ်တု ဖန်ယွန်း-၄၀၃ ကို ဒီဇင်ဘာ ၂၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါမိုးလေဝသဂြိုဟ်တုကို လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချမ်ပြည်နယ် ရှီချန်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံသည် ဖန်ယွန်း-၄၀၃ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



ရှန်ဟိုင်းအာကာသနည်းပညာ အကယ်ဒမီက တည်ဆောက်ထားသည့် ဖန်ယွန်း-၄၀၃ မိုးလေဝသဂြိုဟ်တုသည် မျိုးဆက်သစ် မိုးလေဝသဂြိုဟ်တုအုပ်စုဖြစ်သည့် ဖန်ယွန်း-၄ ဂြိုဟ်တုအုပ်စု၏ တတိယမြောက် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ဖန်ယွန်း-၄၀၁ ဂြိုဟ်တုနှင့် ဖန်ယွန်း-၄၀၂ ဂြိုဟ်တုတို့ကို ၂၀၁၆ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၇ ရက်က လွှတ်တင်ခဲ့သည့် ဖန်ယွန်း-၄၀၃ ဂြိုဟ်တု မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၂၁ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နှစ်ပေါင်း ၃ ဒသမ ၄ သန်း သက်တမ်းရှိ ရှေးဦးလူတူမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

သက်တမ်းအားဖြင့် နှစ်ပေါင်း ၃ ဒသမ ၄ သန်းရှိသည့် ရှေးဦးလူတူမျိုးစိတ်သစ် တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ရှေးဦးလူတူမျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းကို Australopithecus Deyiremeda ဟူ၍ အမေရိကန်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Australopithecus Deyiremeda ရှေးဦးလူတူ ကျောက်ဖြစ်ရုပ်ကြွင်းကို အီသီယိုးပီးယားနိုင်ငံ အက်ရစ်ဒေသ၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

Australopithecus Deyiremeda ရှေးဦးလူတူ မျိုးစိတ်သည် ခေတ်သစ်လူတို့၏ ဘိုးဘေးအဖြစ် ထင်ရှားသော Australopithecus Afarensis ရှေးဦးလူတူမျိုးစိတ်ဝင်များနှင့် တစ်ခေတ်တည်းရှင်သန်ခဲ့ကြသည့် ရှေးဦးလူတူမျိုးစိတ်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

လူစီ (Lucy)ဟူ၍ အမည်ပေးထားသည့် Australopithecus Afarensis ကျောက်ဖြစ်ရုပ်ကြွင်းကို ၁၉၇၄ ခုနှစ်တွင် အက်ဖာရစ်ဒေသမှာပင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ Australopithecus Afarensis လူတူမျိုးစိတ်များမှ ခြေထောက်နှစ်ချောင်းဖြင့် မတ်တပ်ရပ်နိုင်ပြီဖြစ်သော်လည်း Australopithecus Deyireueda လူတူမျိုးစိတ်များမှာမူ သစ်ပင်များပေါ်တက်နေကြဆဲဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## Tramadol ခေါ် လူသုံးများသည့် အကိုက်အခဲပျောက်ဆေးက ကောင်းကျိုးထက်ဆိုးကျိုး ပိုများနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၈**

Tramadol ခေါ် လူသုံးများသည့် အကိုက်အခဲပျောက်ဆေးတစ်မျိုးသည် ကောင်းကျိုးထက် ဆိုးကျိုးပိုများနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၂၇ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Tramadol ဆေးသည် နာကျင်ကိုက်ခဲမှုကို လျှော့ချရာတွင် အကန့်အသတ်ရှိသလို နှလုံးရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာမှုအပါအဝင် ဆိုးရွားသည့် ဘေးထွက်ဆိုးကျိုးများလည်း ၎င်းဆေးကြောင့်ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးအာနိသင် ပါဝင်သော အကိုက်အခဲပျောက်ဆေးတစ်မျိုးဖြစ်သည့် Tramadol ဆေးသည် မကြာသေးမီနှစ်များအတွင်း အမေရိကန်နိုင်ငံ၌ သုံးစွဲမှုမြင့်မားလာသည့် ဆေးတစ်မျိုးဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် ရောဂါအမျိုးမျိုးကြောင့် Tramadol ဆေး သုံးစွဲနေရသူ ၆၅၀၆ ဦးတို့ပါဝင်သည့် လေ့လာချက်ပေါင်း ၁၉ ခုကို အသေးစိတ် ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ Tramadol ဆေး သုံးစွဲသူများတွင် ဘေးထွက်ဆိုးကျိုးအဖြစ် နှလုံးပြဿနာပေါ်လာနိုင်ခြေ ပုံမှန်ထက် နှစ်ဆ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## မျိုးဗီဇဖောက်ပြန်မှုပြဿနာရှိသူတိုင်း အမြင်အာရုံ မဆုံးရှုံးနိုင်ကြောင်း သုတေသန ပညာရှင်များပြောကြား

**နယူးယောက် ဒီဇင်ဘာ ၂၈**

မျိုးဗီဇဖောက်ပြန်မှုပြဿနာရှိသူတိုင်း အမြင်အာရုံ မဆုံးရှုံးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

Mendelian Disease ရောဂါများသည် မျိုးဗီဇဖောက်ပြန်မှုကြောင့် မျိုးရိုးလိုက်ဖြစ်ပွားတတ်သည့် ရှားပါးမျက်စိရောဂါများဖြစ်ကြပြီး ၎င်းရောဂါများဖြစ်ပွားခဲ့ပါက အမြင်အာရုံ ဆုံးရှုံးသွားတတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မျိုးဗီဇဖောက်ပြန်မှုပြဿနာရှိနေသူများအနက် ၃၀ ရာခိုင်နှုန်းခန့်သည်သာ Mendelian Disease ရောဂါများကြောင့် မျက်လုံး ကွယ်သွားတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အထက်ပါလေ့လာတွေ့ရှိချက်သည် Mendelian Disease ရောဂါများနှင့်ပတ်သက်၍ လက်ခံထားသည့် အစဉ်အလာ ယူဆချက်တစ်ရပ်နှင့် ဆန့်ကျင်လျက်ရှိကြောင်း သိရသည်။

ယခင်က မျိုးဗီဇဖောက်ပြန်မှုပြဿနာရှိသူတိုင်း၌ Mendelian Disease ရောဂါများဖြစ်ပွားတတ်ကြောင်း လက်ခံထားကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အီဂျစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားစံချိန်ကို ဆာလာဟ် လိုက်မီရန်နီးစပ်နေ

ကိုင်ရို ဒီဇင်ဘာ ၂၈

အီဂျစ်အသင်း တိုက်စစ်ကစားသမား ဆာလာဟ်သည် ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် အီဂျစ်အသင်းက တောင်အာဖရိကအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့ပြီးနောက် အီဂျစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ဟာဆန်၏ သွင်းဂိုးစံချိန်ကို လိုက်မီရန် နီးစပ်နေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အီဂျစ်အသင်းက တောင်အာဖရိကအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဆာလာဟ်က ပွဲချိန် ၄၅ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့ပြီးနောက် အီဂျစ်အသင်းနှင့်အတူ သွင်းဂိုး ၆၅ ဂိုးထိ ရှိလာခဲ့ကာ ဟာဆန်၏ ၆၉ ဂိုးစံချိန်ကို လိုက်မီရန်နီးစပ်နေခြင်းဖြစ်သည်။

ဆာလာဟ်သည်ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ သွင်းဂိုးများရရှိရန် ရုန်းကန်နေရသော်လည်း လက်ရှိကျင်းပနေသည့် ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲတွင် အကောင်းဆုံး ခြေစွမ်းပြသနေပြီး ဇင်ဘာဘွေအသင်း၊ တောင်အာဖရိကအသင်းတို့နှင့် ပွဲစဉ်တို့တွင် နှစ်ပွဲဆက် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် အီဂျစ်အသင်းနှင့်အတူ ပွဲစဉ်အများအပြားကစားရန် ကျန်ရှိနေသေးသည့်အတွက် ဟာဆန်၏သွင်းဂိုးစံချိန်ကို မကြာမီ ကျော်ဖြတ်နိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

အီဂျစ်အသင်းသည် ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲတွင် တောင်အာဖရိကအသင်းကို အနိုင်ရခဲ့ပြီးနောက် နှစ်ပွဲကစားပြီးချိန်တွင် ရမှတ် ခြောက်မှတ်ဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : One Football

Trs : STA



## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အော့ဇေးအသင်းတိုက်စစ်မှူး ဆီနာယိုကိုကို လာမည့်နွေရာသီတွင် အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- အဲဗာတန်အသင်းက မန်စီးတီးအသင်းမှ အငှားခေါ်ယူထားသည့် တောင်ပံကစားသမား ဂရီလစ်ကို အပြီးသတ်ခေါ်ယူမည်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ကျော် ပေးချေနိုင်မည်မဟုတ်ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမား ဂိုရက်ဇ်ကာကို အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ML

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဒီဇင်ဘာ ၂၈



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအသင်းတို့ ဂိုးပြတ်နိုင်ပွဲ အသီးသီး ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ ညနေ ပဒုမ္မာ အားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် YB United အသင်းတို့ ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ရန်ကုန်စီးတီး အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် စည်သူအောင်၊ ပွဲချိန် ၄၃ မိနစ်တွင် ထက်မြတ်လွင်၊ ပွဲချိန် ၆၉ မိနစ်တွင် M B Handallah၊ ပွဲချိန် ၇၉မိနစ်နှင့် ၈၂ မိနစ်တွင် မင်းဆန်း၊ ပွဲချိန် ၉၃ မိနစ်တွင် ရာဇာမိုးတို့က သွင်းယူခဲ့ကြသည်။

အလားတူ ညနေ ၃ နာရီခွဲက University အားကစားကွင်းတွင် ဆေးဗားစတားအသင်းနှင့် ချင်းလန်းအသင်းတို့ကစားခဲ့ရာ ချင်းလန်းအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်၊ မိနစ် ၃၀၊ ၇၁ မိနစ်၊ ၈၁ မိနစ်တို့တွင် လှဖုန်းဦး၊ ပွဲချိန် ၂၅ မိနစ်တွင် ဟိန်းထက်ဖြိုး၊ ပွဲချိန် ၈၈ မိနစ်တွင် ဒွက်ဘိုက်သန်းတို့ကသွင်းယူခဲ့ကြသည်။

ထို့အတူ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ဒီဇင်ဘာ ၂၉ ရက်တွင် Glory Goal အသင်းနှင့် University အသင်း၊ မြဝတီအသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ပရီးမီးယားလိဂ် ၁၈ ပွဲဆက် အနိုင်မရရှိသည့်မှတ်တမ်းဆိုးတစ်ရပ်ကို ဝုဗ်အသင်းပိုင်ဆိုင်

လန်ဒန် ဒီဇင်ဘာ ၂၈

ပရီးမီးယားလိဂ်ပွဲစဉ်(၁၈)အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းနှင့် ဝုဗ်အသင်းတို့ပွဲစဉ်တွင် ဝုဗ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ် ၁၈ ပွဲဆက် နိုင်ပွဲမရရှိသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဝုဗ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ အစပိုင်းကတည်းက ရလဒ်များဆက်တိုက်ဆိုးရွားနေသဖြင့် နည်းပြအပြောင်းအလဲ လုပ်ဆောင်ခဲ့ပြီး နည်းပြပါရဲရားကို ရာထူးမှထုတ်ပယ်ခဲ့ကာ နည်းပြသစ်အဖြစ် အက်ဝပ်ကို ခန့်အပ်ခဲ့သည်။

ဝုဗ်အသင်းသည် နည်းပြအက်ဝပ် လက်အောက်တွင်လည်း ရလဒ်များ ဆက်လက်ဆိုးရွားနေဆဲဖြစ်ပြီး လီဗာပူးအသင်းကို ရှုံးနိမ့်ပြီးနောက် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲမရရှိသေးဘဲ ၁၈ ပွဲ၌ နှစ်ပွဲသာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ၁၆ ပွဲထိ ရှုံးနိမ့်ခဲ့သဖြင့် မှတ်တမ်းဆိုး တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ဥရောပ ထိပ်တန်းလိဂ် ငါးခုတွင် ပြိုင်ပွဲဝင် အသင်းတိုင်း နိုင်ပွဲများရရှိထားပြီး ဝုဗ်အသင်းသည် နိုင်ပွဲမရရှိသေးသည့် တစ်သင်းတည်းသောအသင်းအဖြစ် အမှတ်ပေးဇယား အောက်ဆုံး၌ ရပ်တည်နေပြီး တန်းဆင်းရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ချဲလ်ဆီးအသင်းကို အေဗီလာအသင်းက အနိုင်ရခဲ့ပြီးနောက် အသင်း၏ နှစ်ပေါင်း ၁၀၀ ကျော်ကြာ တင်ထားခဲ့သည့်စံချိန်ကို ပြန်လည်ပိုင်ဆိုင်ခဲ့

လန်ဒန် ဒီဇင်ဘာ ၂၈



ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ်ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် အေဗီလာအသင်းတို့ပွဲစဉ်တွင် အေဗီလာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၁၀၀ ကျော်ကြာ တင်ထားခဲ့သည့် စံချိန်မှတ်တမ်းကောင်း တစ်ရပ်ကို ပြန်လည်ပိုင်ဆိုင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အေဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီအစပိုင်းက ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း နောက်ပိုင်း ပွဲစဉ်များတွင် ရလဒ်များ ဆက်တိုက်ကောင်းမွန်ခဲ့ကာ ချဲလ်ဆီးအသင်းကို အနိုင်ရခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၁ ပွဲဆက် အနိုင်ရခဲ့သဖြင့် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း တင်ထားခဲ့သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် အသင်းသမိုင်းတစ်လျှောက် ၁၉၁၄ ခုနှစ်မတ်လက ပြိုင်ပွဲစုံ ၁၁ ပွဲဆက် နိုင်ပွဲရခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ချဲလ်ဆီးအသင်းကို အနိုင်ရခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၁ ပွဲဆက် နိုင်ပွဲရခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် နိုဝင်ဘာ ၂ ရက်က လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း မက္ကာဘီတဲလ်အဗစ်အသင်း၊ ဘုန်းမောက်အသင်း၊ လိဒ်အသင်း၊ ယန်းဘွိုင်းအသင်း၊ ဝုဗ်အသင်း၊ ဘရိုက်တန်အသင်း၊ အာဆင်နယ်အသင်း၊ ဘေဆယ်အသင်း၊ ဝက်စ်ဟမ်းအသင်း၊ မန်ယူအသင်း၊ ချဲလ်ဆီးအသင်းတို့ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် ချဲလ်ဆီးအသင်းကို အနိုင်ရခဲ့ပြီးနောက် ရမှတ် ၃၉ မှတ်ဖြင့် အဆင့်(၃)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# အယ်လ်နာဆာတိုက်စစ်မှူး စီရော်နယ်ဒို ကစားသမားဘဝ ပွဲအရေအတွက် ၁၃၀၀ ပြည့်မြောက်ခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန်လည်း နီးစပ်လာ




ရီယာ့ဒ် ဒီဇင်ဘာ ၂၈

အယ်လ်နာဆာ တိုက်စစ်မှူး စီရော်နယ်ဒိုသည် ဆော်ဒီပရိုလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ကစားခဲ့သည့် အယ်လ်နာဆာအသင်းနှင့် အယ်လ်အာခါဒြေ့ အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ပွဲအရေအတွက် ၁၃၀၀ ပြည့်မြောက်ခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန်လည်း နီးစပ်လာခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အယ်လ်နာဆာ အသင်းက အယ်လ်အာခါဒြေ့ အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် စီရော်နယ်ဒိုသည် ပွဲချိန် ၃၁ မိနစ်နှင့် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို သုံးမိနစ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ သွင်းဂိုး ၉၅၆ ဂိုးထိ ရှိလာခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် နီးစပ်လာခဲ့ခြင်းဖြစ်သည်။

အသက် ၄၀ နှစ်ရှိ စီရော်နယ်ဒိုသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ပေါ်တူဂီအသင်း၊ စပိုတင်းလစ္စဘွန်းအသင်း၊ မန်ယူအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ဂျူဗင်တပ်အသင်း၊ အယ်လ်နာဆာအသင်းတို့တွင် အဆင့်ဆင့် ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ပွဲအရေအတွက် ၁၃၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ပေါ်တူဂီအသင်းနှင့် ၂၂၆ ပွဲ၊ စပိုတင်းလစ္စဘွန်းအသင်းနှင့် ၃၁ ပွဲ၊ မန်ယူအသင်းတွင် နှစ်ကြိမ်ကစားပြီး ၃၄၆ ပွဲ၊ ဂျူဗင်တပ်အသင်းနှင့်အတူ ၁၃၄ ပွဲ၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၄၃၈ ပွဲ၊ လက်ရှိ အယ်လ်နာဆာအသင်းနှင့် ၁၂၅ ပွဲ ကစားထားပြီး ပွဲအရေအတွက် ၁၃၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စီရော်နယ်ဒို၏ သွင်းဂိုး အရေအတွက်မှာလည်း ၉၅၆ ဂိုးထိ သွင်းယူထားပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝ သွင်းဂိုးအများဆုံး ကစားသမားအဖြစ်ရပ်တည်နေကာ ဘောလုံးလောကတွင် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်မည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ရန်လည်း နီးစပ်လာခဲ့ကြောင်း သိရသည်။

Ref : One Football
Trs : STA

# အာဖရိကဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်သို့ နိုင်ဂျီးရီးယားဘောလုံးအသင်း တက်ရောက်

အာဘူဂျာ ဒီဇင်ဘာ ၂၈

အာဖရိကဖလား အုပ်စုဒုတိယ ပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းက တူနီးရှားအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

သည်။

နိုင်ဂျီးရီးယား အသင်းသည် အုပ်စု(C)တွင် တန်ဇန်နီးယားအသင်း၊ တူနီးရှားအသင်း၊ ယူဂန်ဒါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ရာ ပထမပွဲစဉ်တွင် တန်ဇန်းနီးယားအသင်းကို နှစ်ဂိုး တစ်ဂိုး၊ ယခုပွဲစဉ်တွင် တူနီးရှားအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အုပ်စုပွဲကစားရန် တစ်ပွဲအလိုတွင် ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

တူနီးရှားအသင်းနှင့် ပွဲစဉ်တွင် နိုင်ဂျီးရီးယား အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ကစားခဲ့သောကြောင့် ပွဲကစားချိန် ၄၄မိနစ်တွင် အိုစီမန်၊ ပွဲကစားချိန် မိနစ် ၅၀ တွင် အန်ဒီဒီ၊ ပွဲကစားချိန် ၆၇ မိနစ်တွင် လွတ်မန်းတို့၏ဂိုးများဖြင့် ဦးဆောင်ခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့ရာ ပွဲချိန် ၇၄ မိနစ်နှင့် ၈၇ မိနစ်တို့တွင် တူနီးရှားအသင်းက ချေပဂိုးများ သွင်းယူခဲ့သော်လည်း သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နိုင်ဂျီးရီးယားအသင်းက ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့သည်။

ထို့ပြင် အုပ်စု(C) အခြားပွဲစဉ်ဖြစ်သည့် တန်ဇန်းနီးယားနှင့် ယူဂန်ဒါအသင်းတို့ ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး နိုင်ဂျီးရီးယားအသင်းက ရမှတ် ခြောက်မှတ်ဖြင့်အုပ်စုပထမ၊ တူနီးရှားအသင်းက ရမှတ် သုံးမှတ်ဖြင့် ဒုတိယ၊ တန်ဇန်းနီးယားအသင်းက တတိယ၊ ယူဂန်ဒါအသင်းက အမှတ်ပေးဇယား အောက်ဆုံးတွင် ရပ်တည်ခဲ့ကြကြောင်းသိရသည်။

Ref : Fotmob
Trs : ML



# ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် ဟာကီမီ အာဖရိကဖလားပြိုင်ပွဲအပြီးတွင် ပီအက်စ်ဂျီအသင်း အတွက် ပြန်လည်ကစားနိုင်မည်

ပဲရစ် ဒီဇင်ဘာ ၂၈

မော်ရိုကိုအသင်းနှင့် ပီအက်စ်ဂျီအသင်းတောင်ပံခံစစ်ကစားသမား ဟာကီမီသည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက်အာဖရိကဖလားပြိုင်ပွဲအပြီးတွင် ပီအက်စ်ဂျီအသင်းအတွက် ပြန်လည်ကစားပေးနိုင်မည်ဟု The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာကီမီသည် ပြီးခဲ့သည့် နိုဝင်ဘာ ၅ ရက်က ချန်ပီယံလိဂ် ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပီအက်စ်ဂျီ အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ လူးဝစ်ဒီယက်၏ ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့မှုကြောင့် ပြင်းထန်သည့် ခြေထောက်ဒဏ်ရာ ရရှိခဲ့ပြီး အနားယူခဲ့ရသူဖြစ်သည်။

လက်ရှိတွင် ဟာကီမီသည် ပြင်းထန်သည့် ခြေထောက်ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် အာဖရိကဖလားပြိုင်ပွဲ ကစားနေသည့် မော်ရိုကိုအသင်းအတွက်လည်း မကြာမီ ပြန်လည်ကစားပေးနိုင်ဖွယ် ရှိနေသည့်အပြင် အာဖရိကဖလားပြိုင်ပွဲ အပြီးတွင် ပီအက်စ်ဂျီအသင်းအတွက် ပြန်လည် ကစားပေးနိုင်မည်ဖြစ်သည်။

ဟာကီမီသည် ဒဏ်ရာရရှိနေသော်လည်း အာဖရိကဖလားပြိုင်ပွဲအတွက် မော်ရိုကိုအသင်းနှင့်အတူ သွားရောက်ပူးပေါင်းခဲ့ပြီး အစောပိုင်းက မည်သည့်အချိန်တွင် ကစားနိုင်မည်ကို မသိရှိရသော်လည်း လက်ရှိတွင် စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် လာမည့် ရက်ပိုင်းအတွင်း ပြန်လည်ကစားနိုင်မည်ဖြစ်သဖြင့် အာဖရိကဖလားပြိုင်ပွဲအပြီးတွင် ပီအက်စ်ဂျီအသင်းအတွက် ပြန်လည်ကစားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : The Athletic
Trs : STA

# မန်ယူခံစစ်ကစားသမား ဟေးဗန်းက ဂါနာအသင်းကို ငြင်းပယ်ပြီး အင်္ဂလန်အသင်းကိုသာ ကိုယ်စားပြုရန်ဆုံးဖြတ်

လန်ဒန် ဒီဇင်ဘာ ၂၈

မန်ယူအသင်း ခံစစ်ကစားသမား ဟေးဗန်းက ဂါနာအသင်းအတွက် ကစားပေးမည်မဟုတ်ဘဲ အင်္ဂလန်အသင်းအတွက်သာ ကစားပေးရန် ဆုံးဖြတ်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်သာရှိသေးသည့် ဟေးဗန်းသည် ဂါနာနွယ်ဖွား တစ်ဦးဖြစ်ပြီး ၎င်း၏မိဘများမှာ ဂါနာနိုင်ငံသားများ ဖြစ်သော်လည်း အင်္ဂလန်နိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်သည့်အတွက် ဂါနာအသင်းသို့မဟုတ် အင်္ဂလန်အသင်းမှ တစ်သင်းကို ကိုယ်စားပြုကစားခွင့်ရသော်လည်း ဟေးဗန်းကိုယ်တိုင်က ဂါနာအသင်းထက် အင်္ဂလန်အသင်းတွင်သာ ကစားလိုနေသည့်အတွက် ဂါနာအသင်းကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

ဟေးဗန်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက အာဆင်နယ် လူငယ်အသင်းမှ မန်ယူလူငယ်အသင်းထံ ပြောင်းရွှေ့ကြေး စတာလင်ပေါင် တစ်သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင် နည်းပြအမိုရင်၏ ယုံကြည်မှုနှင့်အတူ ပွဲကစားခွင့်များ ရရှိခဲ့ကာအကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသူ ဖြစ်ကြောင်း သိရသည်။

ဟေးဗန်းသည် မန်ယူအသင်း ခံစစ်ပိုင်းတွင် စီနီယာကစားသမားများ ဒဏ်ရာရရှိနေချိန်တွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ယိုရို၊ ဒီလစ်တို့ကိုကျော်ဖြတ်ကာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

ဟေးဗန်းသည် လက်ရှိခြေစွမ်း ပိုင်းကို ထိန်းသိမ်းထားပြီး မန်ယူအသင်းတွင် ပွဲထွက်ကစားခွင့်များ ရရှိမည်ဆိုပါက နည်းပြတူချယ်၏ အင်္ဂလန်အသင်းတွင် ရွေးချယ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Goal.com
Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ရှမ်းယူနိုက်တက်အသင်းက YREO အသင်းကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းလေ့ကျင့်ရေးကွင်း(၁)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ပြီး YREO အသင်း ခက်ခက်ခဲခဲ ထိန်းချုပ်ကစားခဲ့ရကာ ပထမပိုင်း ၄၅ မိနစ်အပြီး အချိန်ပို နှစ်မိနစ်တွင် ယုယနိုင်က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းကပင် ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် မိနစ် ၆၀တွင် နန့်မေသဇင်က ဒုတိယဦးဆောင်ဂိုး၊ ပွဲချိန် မိနစ် ၉၀ တွင် ပင်နယ်တီမှတ်တစ်ဆင့် ရှုပါခိုင်က တတိယဦးဆောင်ဂိုးတို့ကို ရှမ်းယူနိုက်တက် အသင်းအတွက် ဆက်လက်သွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ဒီဇင်ဘာ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ Young Lionesses အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝသော ပြာသိုလမြတ်အခါသမယ

မန္တလာကိုကိုဝင်း

**❖ မြန်မာ့ရိုးရာ ဆယ့်နှစ်ရာသီပွဲများအနက် မြင်းခင်းသဘင်ပွဲမှာ ပြာသိုလ၏ရာသီပွဲဖြစ်သည်။ ထို့ပြင် ပြာသိုလသည် မြန်မာနိုင်ငံသားတို့၏ လွတ်လပ်ရေးနေ့အခမ်းအနားပွဲများကို ကျင်းပသောလလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည့်အတွက် ပြာသိုလသည် လွတ်လပ်ရေးရသောလအဖြစ် ကျက်သရေမင်္ဂလာပြည့်ဝလျက်ရှိသည်။ ❖**

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီရှိသည့်အနက် ပြာသိုလသည် ဆောင်းရာသီတွင်ပါဝင်သည်။ ဆောင်းရာသီ၏ နံနက်ခင်းတွင် အေးမြလှသောရာသီသဘာဝနှင့်အတူ နှင်းများဖြူဖြူဖွေးဖွေးကျဆင်းနေပုံမှာ နှစ်သက်စရာကောင်းလှသည်။ နှင်းများနှင့်အတူ လေနုအေးက တိုက်ခတ်နေသောကြောင့် စိတ်နှလုံးကိုကြည်လင်လန်းဆန်းစေသည်။

မြန်မာတို့၏ဆယ့်နှစ်လရာသီတွင် ပြာသိုလမှာ ပျားဖယောင်းစုဆောင်း၍ အရဆုံးသောလဖြစ်သည်။ ရှေးကာလမှယနေ့တိုင် တောကြီးတောင်ကြီးတို့တွင် နေထိုင်ကြသောသူတို့သည် ပြာသိုလအခါတွင် ပျားဖယောင်းကို စုဆောင်းလေ့ရှိကြသည်။ ရှေးခေတ်က မီးထွန်းရန် မီးအလင်းရောင်ရရှိရန်အတွက်တွင် ပျားဖယောင်းများကိုသာ မှီခိုအားထားခဲ့ရသည်။ ပျားဖယောင်းရှာဖွေရရှိရေးသည် ထိုခေတ်လူများအတွက် အလွန်အရေးကြီးသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ရှေးမြန်မာများသည် ပျားဖယောင်းရှာဖွေရန်အတွက် အကောင်းဆုံးသောအချိန်ကို "ပြာသိုလ"ဟုသတ်မှတ်ဟန်ရှိခဲ့သည်။

ပြာသိုလသည် ရက်ပေါင်း ၃၀ ရှိပြီး ညတာရှည်သောလဖြစ်သည်။ ပြာသိုလကို ရာသီအလိုက် မကရဟုခေါ်ဆိုသည်။ ဖုသျှနက္ခတ်နှင့် စန်းယှဉ်ပြိုင်ပြည့်ကာ ဥတ္တရာသာဠ် နက္ခတ်နှင့် နေမင်းတို့ယှဉ်သည်။ ပုစွန်တာရာထွန်းပသည်။ ရာသီရုပ်မှာ မကန်းရုပ်ဖြစ်သည်။ ပြာသိုလ၏ရာသီပန်းမှာ ခွာညိုပန်းဖြစ်သည်။ ဦးဖြေ၏ ပြာသိုလဘွဲ့လေးချိုးတွင် "ခွာညိုငယ်နွယ်ပန်း၊ နှင်းထက်လန်းမှာ၊ မြပန်းသဇင်၊ ဂမုန်းအင်လည်း၊ ဥကင်မှာဝယ်၊ ဆက်ရောက်လှယ်နှင့်၊ နန်းမယ်လေးသူ ဆောင်ရိပ်ဖြူက၊ နတ်မူမတန်၊ ဆင်ကုံးပန်လျက်၊ ဧကန်ခြုံ ရသည်လှုံသို့ နေရဏ်ဆည်းဆာ၊ ပျော်ပါးရာလိမ့်မယ်၊ ဟေမာလရက်မှန်မှာ၊ ဆက်သကြ်န် ဥကင်ဖွင့်နှင့်၊ ရွှန်းတင့်ပေလှ"ဟူ၍ ပါရှိသည်။ ပြာသိုလတွင် ခွာညိုသည် ရာသီပန်းဖြစ်သကဲ့သို့ မြင်းခင်းသဘင်ပွဲတော်သည်လည်း ပြာသိုလ၏အထိမ်းအမှတ်ဖြစ်သည်။ "ငွေသော်တာစန္ဒနှင့်၊ ဖုသျှတဲ့လမ်းဆုံ။ တိမ်လွှာမှာ ရောင်ဝါကျင်းလို့၊ ထိန်ဝင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ။ တသိန်ဂုဏ်၊ မြိုင်စုံမြနန်း။ နုစိမ်းစိုစိုနှင့်၊ ပန်းခွာညိုငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း"ဟူသော ဖိုးသူတော် ဦးမင်း၏ ရာသီဖွဲ့လေးချိုးကလည်း ခွာညိုပန်းဖူးပွင့်ချက်ဆန်းလှသည်ကို ရေးသားထားသည်။

ရှေးမြန်မာမင်းများသည် ငွေနှင်းစိုစို လပြာသိုတွင် မြင်းခင်းသဘင်ပွဲတော်ကို ရာသီပွဲတော်အဖြစ် ကျင်းပခဲ့သည်။ ထိုပွဲတော်သည် အခြားသောရာသီပွဲတော်များကဲ့သို့ ရက်ပိုင်းမျှကျင်းပသည့်ပွဲတော်မျိုးမဟုတ်ဘဲ ပြာသိုလတစ်လလုံးကျင်းပသောပွဲတော်ဖြစ်သည်။ မြင်းခင်းသဘင်ပွဲဟုသာ အမည်တပ်ထားသော်လည်း ကျင်းပသောပွဲများမှာ မြင်းခင်းတစ်ခုတည်းသာမဟုတ်။ ဆင်စမ်း၊ မြင်စမ်း၊ လေးစမ်း၊ ဓားခုတ်၊ လှံထိုး၊ စက်ထိုး၊ ဗလီခတ်၊ သေနတ်ပစ်နှင့် သိုင်းအမျိုးမျိုးတို့ကို တစ်ပွဲပြီးတစ်ပွဲ ကျင်းပသွားခြင်းဖြစ်ကြောင်း သိရသည်။

မြင်းခင်းသဘင်ပွဲသည် သူရသတ္တိနှင့် လက်ရုံးရည်ဘက်တွင် ထူးချွန်သူတို့၏အရည်အချင်းပြသည့်ပွဲ၊ သူရဲကောင်းရွေးချယ်ပွဲကြီးဖြစ်သည်။ နန်းတော်၊ အိမ်တော်မှစပြီး မင်းမှူးမတ်၊ သူဌေးသူကြွယ်တို့သည် မိမိတို့၏သမီးငယ်များကို သူရသတ္တိရှိပြီး လက်ရုံးရည်ထူးချွန်သောသူများနှင့် မှန်းထားလေ့ရှိသည်။ ထို့ကြောင့် ဤပွဲတော်ကို အထူးပင်စိတ်ဝင်စားကြသည်။ ထိုပွဲတော်ကို သမီးရှင်များ၏ သမက်လောင်းရှာပွဲ၊ မင်းသမီး၊ သူဌေးသမီး၊ မှူးမတ်သမီးတို့၏ ကြင်ဖက်တော်ရွေးပွဲဟုလည်း ခေါ်ဆိုနိုင်သည်။ ထိုပွဲသဘင်တွင် မင်းသမီးကလေးများ၏ ပန်းပစ်ပေးမှုကိုခံကြရသည်။ ဘုရင်နှင့် မိဖုရားတို့ကိုယ်တိုင် လက်တော်ဖြင့်ဆုတော်လာဘ်တော်များ ချီးမြှင့်ခြင်းကိုလည်း ခံယူကြရသည်။

မြန်မာ့မြင်းခင်းသဘင်သည် သက္ကရာဇ် ၆၇၄ ခုနှစ်ခန့် ပင်းယတစ်စီးရှင်သီဟသူလက်ထက်က စတင်ပေါ်ပေါက်လာခဲ့သည်ဟု ယူဆကြသည်။ ဘိုးတော်ဘုရားလက်ထက်ပညာရှိကမူ မြင်းခင်းသဘင်ပွဲသည် ဒုတိယအင်းဝခေတ်အစ ညောင်ရမ်းမင်းလက်ထက်တွင် ပေါ်ပေါက်လာသည်ဟု ယူဆကြသည်။ ညောင်ရမ်းမင်းဆိုသည်မှာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီး၏ သားတော်တစ်ပါးပင်ဖြစ်သည်။ ရှေးမြန်မာဘုရင်များသည် မြင်းခင်းသဘင်ပွဲတော်ကို ရွှေနန်းတော်ကြီး၏ မြောက်ဘက်တွင် ပြုလုပ်လေ့ရှိကြသည်။ ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မြင်းခင်းသဘင်ကို လွှတ်တော်ရှေ့ရှိ လဟာပြင်ကွက်လပ်၌ ကျင်းပလေ့ရှိသည်။

မြင်းခင်းသဘင်ပွဲတော်ကို စည်ကားများပြားစွာ ကျင်းပခဲ့ကြောင်း မဟာဂီတသီချင်းကြီးများတွင် ယနေ့တိုင်တွေ့မြင်ရသည်။ "ဘုန်းမိုးရွှာစွေ သွန်းဖျန်း၊ ရွှေပြည်တော်သာငြိမ်းချမ်း"အစချီ မြင်းခင်းကြိုးတွင် "ရွှေနန်းတိုင်စဉ်၊ စီးပုံခွင်၊ အဲမောင်းလှံလျှင် ရေးရာဆင်၊ ရောင်ထင်လျှံဖြာ၊ မောင်လွင်ပယ်ခွာ၊ ယိမ်းလှန့်မူရာတည့်လေ၊ ကြင်စပန်းတင်၊ ရွှေနန်းပြင်၊ ယဉ်လှလှလေး"ဟူ၍လည်းကောင်း၊ "မြန်ခန်းကျွန်းတွင်း"အစချီမြင်းခင်းကြိုးတွင် "တိမ်ပြာ မိလ္လာသိင်္ဂါဖွဲ့ရေး၊ အဲမောင်းစွန်တောင်ဘက်မဲ့ဝေး၊ ရေးရာဆင်လေလေတည့်ကြွေး ငြာပင်"ဟူ၍လည်းကောင်း၊ "လာချေပြီး၊ မြင်းများခေါင်ဖွေမှာလေ"အစချီ မြင်းခင်းကြိုးတွင် "ကြွားကြွားရွှားရွှား၊ ဝေဝေပြောင်ပြောင်၊ ဝေဝေပြောင်ပြောင်၊ ရွှေကတောင်နှင့်သာ ဝိုးဝိုးဝင်းဝင်း၊ မြင်းတွင်မြင်းများမင်း"ဟူ၍လည်းကောင်း ဖွဲ့ဆိုထားသည်ကိုကြည့်ခြင်းအားဖြင့် မြင်းခင်းသဘင်ပွဲတော်ကို ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့ကြောင်း သိရှိနိုင်သည်။ မြင်းကိုရွေးချယ်ရာတွင်လည်း "မြင်းရွှေကြာ၊ မြင်းရွှေဝါ၊ ဗွေသာများလှ၊ ရှားလေရှောင်လေလေတည့်ရှားလေရှောင်"ဟု ရွေးဖွဲ့သည်မှာ ရှောင်ရမည့်မြင်းကို ပြဆိုခြင်းဖြစ်သည်။

မြင်းရေး ၃၇ ရေးပြသည့် မြင်းခင်းကွင်းတွင် မင်းမိဖုရားနှင့်သမီးတော်များ ရှုစားတော်မူရန် ယာယီမဏ္ဍပ်နန်းများ ဆောက်လုပ်ထားသည်။ ကွင်း၏ လက်ယာဘက်တွင် စက်ကွင်းလှံထိုးရန် စက်ခုံများရှိသည်။ ထိုစက်ခုံတွင် အမြင့် ၂၅ တောင်ရှိစက်ခွက်တစ်ခုရှိသည်။ အတောင် ၄၀ ရှိ စက်ခွက်တစ်ခု၊ အတောင် ၆၀ ရှိ စက်ခွက်တစ်ခုရှိသည်။ စက်ခွက်တိုင်၏ထိပ်မှ ကြိုးခိုင်ခိုင်တစ်ချောင်းကို အောက်သို့ဆွဲထားသည်။ ထိုကြိုးမှာ စက်ခွက်တွင် လှံစူးဝင်နေလျှင် ထိုလှံကို အောက်မှလှုပ်၍ ဆွဲချနိုင်ရန်ဖြစ်သည်။ စက်ခွက်၏အနီးဝိုင်းအကွက် တစ်ခုရှိသေးသည်။ မြင်းသည်တော်များ၊ မှူးမတ်များနှင့် မင်းညီမင်းသားများသည် ထိုစက်ခွက်ကို မြင်းဖြင့်ဝိုင်းရင်းနှင့်ပင်ထိုးကြရသည်။ ဘုရင်သည် မင်္ဂလာမဏ္ဍပ်တော် ရှုစားတော်မူနေသည်။ စက်ကွင်းလှံထိုးပွဲသို့ မင်းညီမင်းသား၊ မှူးမတ်များအားလုံး ဝင်ရောက်စွမ်းရည်ပြကြရသည်။ ပုန်းအောင်းခိုကပ်နေ၍မရပေ။ ပြိုင်ပွဲမဝင်လျှင် အရည်အချင်းမဲ့သူအဖြစ် အထင်သေးခံကြရသည်။

မြင်းတပ်သားများ မြင်းရေးပြပုံမှာလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ငှက်ပျောပင်ထိပ်မှာ ရေအိုးတင်ထားပြီး မြင်းသည်တော်က မြင်းကိုစိုင်းရင်း ငှက်ပျောပင်ကို ဓားဖြင့်ခုတ်ရာတွင် ငှက်ပျောပင်ပြတ်သွား သော်လည်း လဲမသွားအောင်၊ ရေအိုးလည်း ကျမသွားအောင် ခုတ်ရသည်။ မြင်းစိုင်းလာစဉ် အနီးရှိလူများ မြှောက်ပစ်ပေးသောရှောက်သီးကိုထိအောင် ခုတ်ရထိုးရသည်။ ဤသို့ဖြင့် စိတ်ဝင်စားဖွယ်မြင်းရေးအမျိုးမျိုးပြကြသည်။ အထိုးအခုတ်တော်သူများကို ပုဆိုး၊ ပဝါ၊ ခေါင်းပေါင်း စသည့်ဆုများ ဘုရင်မင်းမြတ်က ပေးသနားသည်။ "ခြေလျင် ခြေချင်း၊ မြင်းလည်းမြင်းလျောက်၊ ထိုးမြှောက်လှံလေး၊ ခုန်ထွေးသံရှင်၊ စိုင်းနှင်ကြွားကြွား၊ ဓားသွားနှုတ်ငင်၊ သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည်၊ စီးနင်းကြော့လန်းလန်းတည့်လေ"ဟူ၍ ဆီသည့်ရှာစား ဦးအောင်ကြီးက ပြာသိုလ လူးတားတွင် သရုပ်ဖော်ရေးဖွဲ့ခဲ့သည်။

မြန်မာမင်းတို့၏ မြင်းခင်းသဘင်သည် မင်းအဆက်ဆက် ကျင်းပပြုလုပ်လာခဲ့သည်။ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီပါမင်းထိပါ မင်းသုံးဆက်တိုင်တိုင် အမှုထမ်းခဲ့သော အင်းရုံဝန်ကြီးက အင်းဝခေတ် မြင်းခင်းသဘင်အစီအစဉ်ကို လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ထားခဲ့သည်။ မြန်မာဘုရင်များသည် ဤပွဲတော်ကို အပျော်အပါးသက်သက် ကျင်းပပြုလုပ်ခဲ့ကြသည်မဟုတ်ပေ။ တိုင်းပြည်စည်ပင်ဝပြောရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက် လူစွမ်းကောင်းများပေါ်ထွက်လာစေရန်တို့ကို ရည်ရွယ်၍ကျင်းပခဲ့ကြခြင်းဖြစ်သည်။ ဤပွဲတော်ကြောင့် ကျန်းမာကြံ့ခိုင်သူ၊ မြင်းရေးဆင်ရေးကျွမ်းကျင်သူနှင့် ဓားခုတ်လှံထိုးအမျိုးမျိုးတို့ကို ထူးချွန်စွာကျွမ်းကျင်သူ လူရည်ချွန်သူရဲကောင်းများ အမြောက်အမြား ပေါ်ထွက်ခဲ့သည်။

(အလျဉ်းသင့်၍ဖော်ပြရလျှင်) အင်းဝတွင်ဘုရင်မင်းခေါင်နှင့်ဟံသာဝတီတွင် ရာဇာဓိရာဇ်တို့ ထီးနန်းစိုးစံသောအချိန်ကာလက တရုတ်သူရဲကောင်း ဂါမဏိ(ကာမ္မနိ)ဟူသော လူစွမ်းကောင်းနှင့် မြန်မာတို့ဘက်က သမိန်ဗရမ်းတို့၏ တိုက်ပွဲဖြစ်သည်။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတွင် အကျယ်တဝင့် ရေးသားထားသည်။ စာရေးသူကရှေးက မြန်မာတို့မြင်းစီးကျွမ်းကျင်ပုံနှင့် မြင်းကောင်းရွေးချယ်ပုံကို သဘောကျ၍ အကျဉ်းချုပ်ဖော်ပြခြင်းဖြစ်သည်။ မြန်မာဘက်က သူရဲကောင်းသမိန်ဗရမ်းသည် နန်းတော်အတွင်းရှိမြင်းများ၊ အင်းဝမြို့ရှိမြင်းများကို ကြည့်ရှုသည်။ စိတ်ကြိုက်မတွေ့၍ မြို့ပြင်ရှိ ဇနပုဒ်များတွင် ဆက်လက်ရှာဖွေသည်။ များမကြာမီ ဇနပုဒ်တစ်ခုတွင် မြင်းသားအမိနှစ်စီးကို တွေ့မြင်သည်။ ရေကန်အနီးတွင် မြင်းမသားအမိတို့သည် မြက်စားလျက်ရှိနေသည်။ ရေကန်၏အနံမှာ ငါးလံမျှရှိ၍ ရေနက်သည်။ မြင်းပျိုသည် ရေကန်ကို နေ့စဉ်ခုန်လွှား၍ သွားလာမြဲဖြစ်သည်။ မြင်းမသည် အားနည်းသဖြင့် ရေကန်ကိုမခုန်လွှားနိုင်။ ရေကိုဖြတ်ကူး၍လာရသည်။ မြင်းပျိုသည် အလွန်အားကောင်း၍ရေကန်ကိုခုန် လွှားသည်ကိုမြင်တွေ့၍ ထိုမြင်းကို ရွေးချယ်လိုက်သည်။

လှပဝဖြိုး၍ မြင်းကောင်းတို့၏ လက္ခဏာများနှင့် ပြည့်စုံသည်ကို သမိန်ဗရမ်းမြင်လျှင်ကြိုက်နှစ်သက်သည်။ မြင်းပျို၏ကျောထက်တွင် လက်ကိုတင်ကြည့်သည်။ အနည်းငယ်မျှနိမ့်မကျ။ မြို့တွင်းမှမြင်းများနှင့်မတူ။ ခွန်အားဗလကောင်းသော မြင်းကောင်းဖြစ်သည်ကို သိရသည်။ ပြိုင်ဘက်ကင်းသောမြင်းဖြစ်၍ စိတ်ကြိုက်သဖြင့် ကကြိုးတန်ဆာများကို ချည်စေသည်။ ထို့နောက် မြင်းနှင့်ရင်းနှီးရန်နှင့် စစ်ထိုးတတ်အောင်မြင်းကို လေ့ကျင့်သည်။ သမိန်ဗရမ်းသည် မြင်းကိုလေ့ကျင့်ပြီးသောအခါ ဘုရင့်ထံဝင်ရောက်ကာ "ကျွန်ုပ်သည် စိတ်တိုင်းကျမြင်းကိုလေ့ကျင့်ပြီးပါပြီ။ ဂါမဏိဦးခေါင်းသည် ကျွန်ုပ်လက်ကမလွတ်တော့ပြီ။ ရွှေနန်းသခင်ထံအရ ဆက်သပါမည်။ သို့ဖြစ်၍ သံခြင်းတစ်ခုကို ကျွန်ုပ်လိုပါသည်။ ဂါမဏိခေါင်းကိုဖြတ်ပြီး မြေသို့မကျမီ ချွန်းဖြင့်ချိတ်၍ သံခြင်း၌ထည့်ကာ ရွှေနန်းသခင်အားဆက်သပါမည်"ဟုလျှောက်ထားသည်။ အကျဉ်းချုပ်ရသော် သမိန်ဗရမ်းသည် ဂါမဏိဦးခေါင်းကိုဖြတ်ပြီး ဘုရင့်ထံဆက်သနိုင်ခဲ့သည်။ ဘုရင်ကလည်း ဆုလာဘ်များစွာ ချီးမြှင့်ပြီး သမီးတော်နှင့် ထိမ်းမြားပေးခဲ့သည်။ မြင်းကောင်းတစ်စီးကိုရရှိခဲ့၍ အောင်ပွဲရခဲ့သည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်ရာသီပွဲများအနက် မြင်းခင်းသဘင်ပွဲမှာ ပြာသိုလ၏ရာသီပွဲဖြစ်သည်။ ထို့ပြင် ပြာသိုလသည် မြန်မာနိုင်ငံသားတို့၏ လွတ်လပ်ရေးနေ့အခမ်းအနားပွဲများကို ကျင်းပသောလလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည့်အတွက် ပြာသိုလသည် လွတ်လပ်ရေးရသောလအဖြစ် ကျက်သရေမင်္ဂလာပြည့်ဝလျက်ရှိသည်။ လွတ်လပ်ရေးနေ့အခမ်းအနားများကို ပြာသိုလတွင် အများဆုံးတိုက်ဆိုင်သည့်အတွက် ပြာသိုလသည် မြန်မာတို့အတွက် ကြည်နူးပီတိဖြစ်ဖွယ်၊ အားတက်ဂုဏ်ယူဖွယ်ကောင်းသောလဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **ဆယ့်နှစ်လရာသီ (မောင်ခင်မင်(ဓနုဖြူ))**
- **အလှအယဉ် မြန်မာ့ဓလေ့ပွဲတော်တစ်ခွင် (ဝိဿဇ္ဇက(ပဲခူး))**
- **ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း (နိုင်ပန်းလှ)**

# ဤမြေကိုသက်သေတည်၍ ဇာတ်လမ်းတွဲကို TooTo TV Application မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဒီဇင်ဘာ ၂၈**

အောင်ပင်လယ် ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဤမြေကို သက်သေတည်၍ ဇာတ်လမ်းတွဲကို TooTo TV Application မှ ဒီဇင်ဘာ ၃၀ ရက်မှ စတင်ကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဒေါင်းဝေထံမှ သိရသည်။

အဆိုပါ ဤမြေကို သက်သေတည်၍ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ငြိမ်းမင်းကရေးသားထားပြီး ဖြိုးသဉ္ဇာကျော်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ညီညီငြိမ်းမင်းက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"လယ်ယာမြေ လုပ်ကိုင်စားသောက်နေတဲ့ကျေးလက်ဒေသကမိသားစုလေး တစ်စုအတွင်း ရည်မှန်းချက်တွေ မတူညီကြတဲ့ မောင်နှမသုံးယောက်၊ နယ်မြို့လေးကိုချစ်ခင်တဲ့ ပေတိုးနဲ့ မြို့ကြီးပြကြီးတွေကို ပိုစိတ်ဝင်စားတဲ့ မောင်နှမနှစ်ယောက်၊ ပေတိုး တစ်ယောက် ဒီကျေးလက်ဒေသကမိသားစုမောင်နှမတွေ၊ ကိုယ်ချစ်ရတဲ့ချစ်သူနဲ့ ပတ်သက်ပြီး ပေါ်လာတဲ့ပြဿနာတွေကို ဘယ်လိုရင်ဆိုင်သွားမလဲ ဆိုတာကို ကြည်နူးလွမ်းဆွတ်စွာကြည့်ရင်း လယ်ယာမြေ တောတောင်သဘာဝတွေကို အပြည့်အဝခံစားရမဲ့ ချစ်စရာကျေးလက်ဒေသဇာတ်လမ်းတွဲကို TooTo TV Application မှာ ဒီလ ၃၀ ရက်ကစပြီး ကြည့်ရှုခံစားနိုင်တော့မှာမို့ စောင့်မျှော်အားပေးကြပါအုံး"ဟု သရုပ်ဆောင် ဒေါင်းဝေက ပြောပြသည်။

ဤမြေကို သက်သေတည်၍ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထွန်းထွန်း၊ ဒေါင်းဝေ၊ ဦးဇော်ဝင်းနိုင်(မန်း)၊ ဦးထူးသာ၊ ကျော်သစ်၊ ရန်ပိုင်၊ နေလင်း၊ မေမီကိုကို၊ ဝင်းမင်းသန်း၊ မျိုးမျိုးခိုင်၊ ဆုပန်မေနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Ready or Not 2 : Here I Come ကို ၂၀၂၆ ခုနှစ် မတ် ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်

**နယူးယောက် ဒီဇင်ဘာ ၂၈**

Searchlight ကုမ္ပဏီ၏ Ready or Not 2 : Here I Come ဟာသအက်ရှင်ထိတ်လန့်သည်းဖို ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် မတ် ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

Ready or Not 2 : Here I Come ဇာတ်ကားသည် Ready or Not (2019) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Searchlight ရုပ်ရှင်ကုမ္ပဏီသည် Ready or Not 2 : Here I Come ဇာတ်ကားကို မူလက ၂၀၂၆ ခုနှစ် ဧပြီ ၆ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားသော်လည်း ရက်သတ္တပတ် အနည်းငယ်နောက်ဆုတ်၍ ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ရုံတင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

Ready or Not 2 : Here I Come ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ တိုင်လာဂျီးလက်က တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂိုင်းဘူဆစ်နှင့် ခရစ္စတိုဖာ မာဖီတို့က ရေးသားပေးထားပြီး မင်းသမီး ဆာမာရာဝေဗင်း၊ ကတ်သရင်းနယူတန်၊ ဆာရာမစ်ဂယ်လာ၊ မင်းသား အီလီဂျာဝုဒ်၊ ဒေးဗစ်ခရိုနင်ဘာ့တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# တေးသံရှင် စည်သူလွင်၊ မေတို့ပါဝင်မည့် 2026 New Year Countdown ပွဲတော်ကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်သွားမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

တေးသံရှင် စည်သူလွင်၊ မေတို့ ပါဝင်မည့် 2026 New Year Countdown ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ဒီဇင်ဘာ ၃၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် စည်သူလွင်ထံမှ သိရသည်။

အဆိုပါ ပွဲတော်တွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုကို Transporter Bar ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီ တီးခတ်ပေးသွားမည်ဖြစ်သည့်အပြင် ပင်တိုင်တေးသံရှင်များနှင့်အတူ DJ Artists များကလည်း အားဖြည့်ကူညီဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"Transporter Bar မှာ နှစ်သစ်ကူးညမှာ ရှိနေပါမယ်။ Transporter ရဲ့ စင်မြင့်ထက်မှာ ပင်တိုင်အဆိုတော်တွေ၊ ပင်တိုင်တေးဂီတအဖွဲ့နဲ့အတူ အကောင်းဆုံးတီးခတ်သီဆိုသွားမှာဖြစ်ပါတယ်။ DJ Artists နဲ့ Dancers တွေရဲ့ Performance တွေ၊ အကအလှတွေလဲ ပါဝင်ပါမယ်။ တစ်နှစ်လုံးရဲ့ အပျော်ရွှင်ရဆုံး နှစ်သစ်ကူးညမှာ အားလုံးအတူတူ နှစ်သစ်ကူးမဲ့ညမှာ Countdown ရေတွက်ကြရအောင်ကြွခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် စည်သူလွင်က ပြောပြသည်။




တေးသံရှင် စည်သူလွင်၊ မေတို့၏ တေးဂီတဖျော်ဖြေပွဲနှင့် 2026 New Year Countdown ပွဲတော်ကို Transporter Bar ၌ ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Man of Tomorrow ဇာတ်ကားတွင် မင်းသား လားအိုင်ဒင်ဂျာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၂၈**

Superman ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သည့် Man of Tomorrow ဇာတ်ကားတွင် ဂျာမနီရုပ်ရှင်မင်းသား လားအိုင်ဒင်ဂျာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မင်းသား လားအိုင်ဒင်ဂျာသည် Man of Tomorrow ဇာတ်ကား၌ အဓိကဗီလိန် ဇာတ်ကောင်နေရာတွင် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Man of Tomorrow ဇာတ်ကား၌ မင်းသား လားအိုင်ဒင်ဂျာ ပါဝင်လာမှုကို ဒါရိုက်တာ ဂျိမ်းဂန်းက လူမှုမီဒီယာစာမျက်နှာပေါ်တွင် ရေးသားထားသည်။

Man of Tomorrow ဇာတ်ကားတွင် မင်းသား လားအိုင်ဒင်ဂျာသည် မင်းသား ဒေးဗစ်ကိုရန်စဝပ်၊ နီကိုလပ်ဟော့တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Man of Tomorrow ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# အရှိုချင်း(မြေပြန့်ချင်း) တိုင်းရင်းသားများ၏ အရှိုချင်းရိုးရာကောက်သစ်စားပွဲကို ပေါက်ခေါင်းမြို့နယ် ငှက်တော်ဦးကျေးရွာ၌ ကျင်းပသွားမည်

**ပဲခူး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီးတွင် အရှိုချင်း(မြေပြန့်ချင်း) တိုင်းရင်းသားများ၏ အရှိုချင်းရိုးရာ ကောက်သစ်စားပွဲကို ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ငှက်တော်ဦးကျေးရွာ၌ ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အရှိုချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဆလိုင်းအေးပိုင်ထံမှ သိရသည်။

ချင်းရိုးရာနှစ်သစ်ကူးပွဲတော်သည် ရှေးပဝေသဏီကပင် ချင်းလူမျိုးများနေထိုင်သော ရပ်ရွာဒေသများအလိုက် နှစ်စဉ်တောင်ယာစိုက်ပျိုးသီးနှံ ရိတ်သိမ်းပြီးစီးသည့်ကာလများတွင် ကျင်းပလေ့ရှိပြီး တစ်နှစ်တာကာလအတွင်း ရောဂါဘယများကြားမှ အသက်ရှင်ကျန်းမာခွင့်ရပြီး တောင်ယာလုပ်ကိုင်နိုင်သည့် အခွင့်အရေး၊ စိုက်ပျိုးသီးနှံများကောင်းမွန်ပြီး ကောက်ပဲသီးနှံများ အချိန်တန်ရိတ်သိမ်းနိုင်သည့် အခွင့်အရေး၊ အိမ်မွေးတိရစ္ဆာန်များ တိုးပွားရှင်သန်သည့် အခွင့်အရေး၊ မိသားစုအတွင်း သားသမီးများ ထွန်းကားစေသည့်အခွင့်အရေး စသည့် အခွင့်အရေးအသီးသီးကို နှစ်စဉ်ရရှိရန် ဘိုးဘွားများအား ကျေးဇူးဆပ်ပူဇော်သည့် ပွဲတော်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ကျင်းပနေကျဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ အရှိုချင်းတိုင်းရင်းသားတွေရဲ့ ကောက်သစ်စားပွဲတော်ကို အစဉ်အလာမပျက် ကျင်းပသွားမှာဖြစ်ပါတယ်။ ပွဲတော်မှာ မျိုးဆက်သစ်လူငယ်တွေကို ကောက်သစ်စားပွဲတော်အကြောင်း ရှင်းလင်းဟောပြောမဲ့ ဟောပြောပွဲလဲပါရှိမှာဖြစ်ပြီးတော့ ကောက်သစ်စားပွဲတော်လာ ဧည့်သည်တွေကို ရိုးရာဝါးညှပ်အကနဲ့ ဖျော်ဖြေတင်ဆက်မှာဖြစ်သလို ရိုးရာအစားအစာတွေနဲ့လဲ ကျွေးမွေးဧည့်ခံမှာဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး အရှိုချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဆလိုင်းအေးပိုင်က ပြောပြ၍ သိရသည်။

ASH

# Republic of Union of Myanmar holds 2025 Multiparty Democracy General Election; Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing casts vote


Senior General Min Aung Hlaing casts a vote through Myanmar Electronic Voting Machine (MEVM).


Senior General Min Aung Hlaing answers the questions of the news media.


Senior General Min Aung Hlaing observes voting process in Zayarthiri Township.


Senior General Min Aung Hlaing greets voters in Pobbathiri Township.

**Nay Pyi Taw December 28**

The 2025 Multiparty Democracy General Election of the Republic of Union of Myanmar began at 6 am today in the entire country, and all voters went to the polls.

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing, accompanied by SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC Secretary General Ye Win Oo and wife, SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, senior military officers from Office of Commander-in-Chief and wives, officers, other ranks and families, cast vote at the No 1 Polling Station in Anawratha Ward, Zeyathiri Township, Nay Pyi Taw Council Area.

After the Senior General had cast the vote, he answered the questions raised by local and foreign news media gathering news information at the polling station.

**Q:** As a leading person in organizing the election, how much can you guarantee its freeness and fairness, and what's your message for the people?

**A:** Today's voting process stands witness to the freeness and fairness of the election. Moreover, there is the preliminary period or the post-election period, and the activities of parties, functions of administrative bodies and the Election Commission during the time show that the election is free and fair. Voices may come out in the evening after the completion of today's voting process, right? Then you can make a judgement on the election. I have guaranteed the election will be free and fair. a free and fair election. It's the work of the Tatmadaw, and the Tatmadaw won't let its reputation be harmed. The 2020 election was a total disgrace as what happened then was really terrible. Internationally, the incident was so horrible and shameful. Some ignored the terrible incident. But I know very well as I was the person who examined the whole event. What happened during the election was very appalling. The incident reached to that degree as it cannot be understood in any way. So, I would like to say that everything will be clear at the end of the day. After this phrase, there will be two more, one on 11 January and the other on 25 January. So, make a judgement only after all the phases have completed.

**Q:** Senior General, tell me your political vision, please. What is your plan for the post-election landscape? Are you going to be the president?

**A:** I am the Commander-in-Chief of the Defence Services, and I am just a civil servant. I can't say what I want to do or what I wish. I am not the leader of a political party. The Hluttaw has the process to elect the president during its session. Then the MPs will do their job, and only at that time, it will be appropriate to discuss the issue.

**Q:** What's your message for the people who are still undecided whether to vote or not?

**A:** Definitely, they should vote. If multiparty democracy is accepted, an election, which is its essence, must be held. There must be an election. So, people can express their desires. They don't need to vote for a person they dislike. They can give their yes vote to the one they support or like. They can make their choice, but in some cases, there may be few choices and in others, there can be a lot of choices. They have the right to vote the person in their favour, and that's a given. I can assume that the one who does not vote is a person who does not understand the essence of democracy completely.

Accompanied by the SSPC Secretary and members of the entourage, Acting President of the Republic of Union of Myanmar

*See Page 13*



*From Page 12*

Chairman of State Security and Peace Commission Senior General Min Aung Hlaing visited the people who were casting votes at the relevant polling stations in Zeyathiri, Pyinmana, Ottarathiri, and Pobbathiri townships, Nay Pyi Taw Council Area, and cordially conversed with them.

Vice-Senior General Soe Win casts a vote through Myanmar Electronic Voting Machine (MEVM).

The Senir General cordially greeted members of the observer teams from the Russian Federation, the People's Republic of China, Kazakhstan and Belarus, who were observing the voting activities of the voters at Polling Station 2, Ywakauk Ward, Pyinmana Township, and posed for documentary photos with them. 100

# Phase 1 of the 2025 Multiparty Democracy General Election held in 102 townships


A voter cast a ballot.


A voter cast a ballot.

**Nay Pyi Taw December 28**

Starting from 6 am today, Phase 1 of the 2025 Multiparty Democracy General Election of the Republic of Union of Myanmar was held simultaneously at the polling stations in 102 townships of the respective regions and states.

The scene of union level dignitaries and eligible voters going to the polls in eight townships — Zeyathiri, Pobbathiri, Zabuthiri, Pyinmana, Leway, Ottarathiri, Dekkhinathiri and Tatmadawkon – of Nay Pyi Taw Council Area could be seen today at the phase 1 of the 2025 Multiparty Democracy General Election.

Likewise, the phase 1 of the election was held in six townships in Kachin State, two townships in Kayah State, three townships in Kayin State, two townships in Chin State, 12 townships in Sagaing Region, four townships in Taninthati Region, eight townships in Bago Region, nine townships in Magway Region, eight townships in Mandalay Region, five townships in Mon State, three townships in Rakhine State, 12 townships in Yangon Region, 12 townships in Shan State and eight townships in Ayeyawady Region, totalling 102 townships. Local nationalities were casting votes with Myanmar Electronic Voting Machine (MEVM) in those townships.

Local people from the regions and states were systematically casting votes, and military officers, other ranks and families of the military command HQs in regions and states were also doing the same at the respective polling stations systematically.

As for the voters to freely, peacefully and conveniently go to the polls, cars and medical teams were stationed and security measures, taken at the polling stations in advance.

As soon as the polling booths in the compound of the Office of the Commander-in-Chief (Army) were opened at 6 am, senior military officers, and officers, other ranks and families of the Office and respective branches and departments went to the polls systematically.

After the polling had completed, presiding officers and members took out the results of the control units and systematically counted all the votes including advanced votes in the presence of the representatives of political parties and election observers.

The voices that came out from the people at the polling stations in connection with the election are as follows:

**1. Hmawbi Township (Female)**

I hope our country will become much better than this. I feel joyful and satisfied to have come and cast my vote like this. I've dedicated my time to come here specifically because I wanted to vote. I view our journey on the path of democracy as a positive direction. Voting with this MEVM (Myanmar Electronic Voting Machine) saves time and is very fast. It's convenient for those who have difficulty writing. Moreover, the results come out quickly and accurately. *See Page 15*



A voter gives her statement in Taunggyi Township.



A voter gives his statement in Taunggyi Township.



A voter gives her statement in Hmawbi Township.



A voter gives her statement in Taunggyi Township.


A voter gives her statement in Taunggyi Township.

# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing inspects Nay Pyi Taw Railway Station

**Nay Pyi Taw December 28**

Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing, accompanied by Secretary of the Commission General Ye Win Oo and officials, inspected the Nay Pyi Taw Railway Station this morning.

First, the Senior General and party were welcomed by officials. The Senior General viewed round the diesel-electric multiple unit (DEMU) down train at the station from which it would depart from Nay Pyi Taw to Yangon, and functions of the railway station. After hearing the reports of officials, the Senior General gave guidance on needs to upgrade the platform of the railway station, tidiness and beautification in the yard of the station, systematic movements of staff and passengers, safety measures and other necessary instructions.

The Senior General visited Pobbathiri Township in a motorcade to view round beautification process and urban development initiatives. 100



**Senior General Min Aung Hlaing inspects Nay Pyi Taw Railway Station.**

# A free and fair multiparty democratic general election that will pave the way for the nation's future



H.E. Mr. Sholban Kara-Ool



H.E. Mr. Mario Jose Armengol Campos



Mr. Alexey Bashan



Mr. Yerman Mukhtar



MWD interviews a voter.



MWD interviews a voter.



MWD interviews a voter.



MWD interviews a voter.

**Nay Pyi Taw December 28**

Phase I of the 2025 multiparty democratic general election was held yesterday morning in the respective areas, and the following are the voices and remarks of voters who fulfilled their civic duty and of international election observers.

**Mr. Yerman Mukhtar**
**Deputy Chairman of Election Commission of Kazkhstan**

I am Mr Yerman Mukhtar, Deputy Chairman of the Election Commission of the Republic of Kazakhstan. First of all, I would like to express my pride and pleasure that the election is being held. From our observations, we have seen that this election has been organized very well. Among the voters, we noticed a large number of young people, which is a very positive sign. The Union Election Commission showed us the electronic voting machines manufactured in Myanmar that are being used in the election. We have also observed that these voting machines are being used effectively. In addition, we saw that conditions have been created at polling stations to allow the public to vote calmly and peacefully.

**H.E. Mr. Sholban Kara-Ool**
**Deputy Chairman of the State Duma of the Russian Federation**

First of all, I would like to express my gratitude for the opportunity to come to Myanmar and observe the voting process. We are here as part of an international election observation group. From the very first day of our arrival, we were able to see how the public votes—how people stand in line waiting to cast their ballots. From this alone, it is clear that the people are actively and genuinely choosing their future and a legitimate government. We also observed the Chairman of the State Security and Peace Commission, Senior General Min Aung Hlaing, coming to inspect and supervise the process, and he recently greeted us as well. This shows that both the people of Myanmar and the country's leaders are taking the voting process with great interest and enthusiasm. In terms of my overall view of Myanmar's election, the people who come to the polling stations are making choices for a legitimate government and rightful leaders. We can also see that they are casting their votes secretly. The arrangements appear to be well organized. It is the same type of process we have in our own country. This will be a genuine election, and I firmly believe that a legitimate government will emerge. From what I have observed, we can see that many parties are competing in the election. The people are deciding to vote for the parties whose policies align with their interests. If this system continues, it represents a very good path for democracy. The enthusiasm of the voters shows that they are working to ensure their country develops in the right and proper way. From our perspective, the election is being carried out with great effort to ensure its success. Senior General Min Aung Hlaing is also actively supporting the conduct of the election. Soon, the election will conclude, a new parliament will be formed, and the government will be organized through the parliament. The President will be elected,

*See Page 15*

# 515 illegal buildings used for online scams demolished in KK Park area

# Items used in online fraudulent gambling operations continue to be systematically incinerated and destroyed

An illegally constructed four-story residential building in KK Park Area (3).



Before demolition.



After demolition.

**Nay Pyi Taw December 28**

The Myanmar government is conducting operations to clear illegal buildings in the Shwe Kokko and KK Park areas, which have been primary hubs for online scamming and gambling. A joint task force—comprising security forces, administrative bodies, and local authorities—is systematically demolishing illegal structures and destroying seized equipment used in these operations. It is reported that an additional 6 illegal buildings in the KK Park area were demolished today.

In today's operations within the Myawady-Maehtawthalay (KK Park) Phase (3) area, authorities demolished three 4-story illegal buildings, two 2-story buildings and one warehouse. With these 6 additional structures leveled, a total of 515 out of 635 illegal buildings in the KK Park area have now been systematically demolished.

Furthermore, for buildings where heavy machinery had already completed initial demolition, authorities have been using air and thermal cutting equipment since December 14 to ensure total destruction. Today, five 2-story buildings were further dismantled using this method, bringing the total number of buildings 100% destroyed to 66.

Additionally, equipment used in online scamming and gambling within the KK Park and Shwe Kokko areas was systematically incinerated today to prevent any future reuse. The Government has declared the eradication of online fraudulent gambling a national duty. To ensure that such activities can no longer be based within Myanmar, the government will continue to coordinate with domestic forces as well as neighbouring governments.

100



The burning and destruction of illegal items inside KK Park area.

---

*From Page 14*

and these plans will continue to be implemented. Through this process, the people will know whether the party they chose is legitimate. Conducting the election in this manner primarily ensures that the new government can maintain the stability of the country. From there, it can further lead to the nation's development and progress, which I strongly believe will be possible.

**H.E. Mr. Mario Jose Armengol Campos Vietnam-based Nicaraguan Ambassador to Myanmar**

I am H.E. Mr. Mario Jose Armengol Campos, Ambassador of Nicaragua to Myanmar, based in Vietnam. First of all, I would like to express my pleasure and honour for having the opportunity to come to Myanmar and observe the process in this way. From our observations, we can see that the public in Myanmar is voting safely, freely, and according to their own wishes. Regarding the Myanmar Electronic Voting Machines, I think it is a good idea. Using these machines allows for faster voting and enables results to be obtained more quickly. We have also observed that the election is being conducted securely and successfully.

**Mr. Mr. Alexey Bashan, Vice-Chairman of the Central Election Commission of the Republic of Belarus**

"I am here to observe the voting process. During my observation, I have noted that everyone coming to vote is doing so in an orderly manner. It is clear that people are participating with great interest. I am pleased to see that those managing the process are following the law strictly and organizing everything without any disruptions. Overall, both the organizers and the voters are doing well, and I can see that everyone is adhering to the prescribed rules and regulations."

1. "Since this is my first time voting, I feel very excited. I am also deeply satisfied and feel like I have fulfilled my duty as a citizen. I have high hopes for a good leader who will benefit our youth. No matter who wins, I hope for someone who will contribute greatly to the country."
2. "I came from Pyinmana to vote. This is my first time casting a ballot. I want to encourage all young people who have the right to vote to come out and do so for the development and progress of our nation."
3. "Using the MEVM machine makes the process more accurate. It's easy and precise—you just press the button for the party you want and get an immediate result. As a Bamar, I had to cast three types of votes. I voted for the parliamentary representatives who I believe will serve our country and nation best. I feel that I have fulfilled my responsibility today."
4. "This is my first time voting in the 2025 General Election. The process is convenient because there is proper privacy. I am happy that I was able to vote for the person of my choice. I believe that the government resulting from our votes will create a better future for both the citizens and the youth."

100

---

*From Page 13*

**2. Taunggyi Township (Female)**

I'm comfortable coming to vote here. In the past, because we had to tick a mark on paper, there were many rejected votes since some people didn't know how to mark it correctly. Now, it's very convenient because you just have to press the button for the party you like. It's clear that the transition to the MEVM system is addressing previous concerns regarding ballot errors and accessibility for voters in Taunggyi Township.

**3. Taunggyi Township (Male)**

I'm happy to be able to vote freely like this. Moreover, I'm glad that a government elected by the people will emerge. His statement reflects the public's positive sentiment toward the democratic process and the anticipation of a representative government.

**4. Taunggyi Township (Female)**

Since I'm voting for the first time, I'm feeling a little excited. However, I feel satisfied, joyful, and happy in my heart because I can vote for the candidate I like in a secure environment. This highlights the emotional significance and the sense of safety provided during the electoral process for new voters in Taunggyi Township.

**5. Taunggyi Township (Female)**

Voting is much more convenient than before. Moreover, because I can vote very easily and quickly, I don't have to wait in line for a long time anymore. It's convenient. There're no difficulties. I've confidence in it. It's more secure than before. Since it's so easy to vote, it's more convenient than in the past. As a citizen, I'm very happy to have the opportunity to vote like this.

Local and foreign news media and international election observers witnessed and gathered news on voters freely casting votes at the election today.

100

---


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**ရှေ့ဖုံးမှအဆက်**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ မြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ် (၁)၌ ပါဝင်ဆန္ဒမဲပေးကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။**(မေးမြန်းဖြေကြားမှုအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ သက်ဆိုင်ရာမဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လာရောက်ကြည့်ရှုလေ့လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကိုရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝ၁)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာမဲရုံ၌ ပြည်သူများပါဝင်မဲပေးနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် နေပြည်တော် အထက(၃)မဲရုံ၌ ပြည်သူများပါဝင်မဲပေးနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်မဲရုံ၌ ပြည်သူများပါဝင်မဲပေးနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးစဉ်။

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြား



**မေး။ ရွေးကောက်ပွဲကို ဦးစီးဦးဆောင်ကျင်းပဖို့ စီစဉ်ခဲ့သူတစ်ဦးအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ကြောင်း ဘယ်လောက်အာမခံချက်ပေးနိုင်ပါသလဲ။ ပြည်သူကို ဘာသတင်းစကားများပါးချင်ပါသလဲ။**

ဖြေ။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို ဒီနေ့မဲပေးတာကြည့်လိုက်ရင် သိလိမ့်မယ်။ နောက်ပြီး မဲပေးဖို့အတွက်ကြိုတင်ကဏ္ဍတွေရှိတယ်။ အကြိုကာလတွေပေ့ါ။ အဲဒီမှာ ပါတီတွေရဲ့လုပ်ဆောင်ချက်တွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့လုပ်ဆောင်ချက်တွေ၊ ရွေးကောက်ပွဲကော်မရှင်တွေရဲ့လုပ်ဆောင်ချက်တွေကို ကြည့်လိုက်ရင်လဲ တွေ့ပါလိမ့်မယ်။ ဒီနေ့မဲပေးတဲ့အခါမှာလဲ မဲပေးပြီး ညနေကျရင်လဲ အသံထွက်လာမှာပဲလေ။ မဟုတ်ဘူးလား။ အဲဒီကျရင်ပြောလို့ရတာပေ့ါ။ ကျွန်တော်တို့က လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ အာမခံထားတယ်။ တပ်မတော်ကလုပ်တာ နာမည်ပျက်မခံဘူး။ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အကြီးအကျယ်နာမည်ပျက်ခဲ့တယ်။ တော်တော်ဆိုးဆိုးရွားရွားကိုဖြစ်ခဲ့တယ်။ ရုပ်ပျက်ဆင်းပျက်ကို နိုင်ငံတကာမှာလဲ အရှက်တကွဲဖြစ်ခဲ့တယ်။ တချို့ကျတော့လဲ မသိကျိုးကျွန်ပြုနေတာ။ တကယ်တော့ ကျွန်တော်က တကယ်စစ်ခဲ့သူ၊ ကျွန်တော်သိပါတယ်။တကယ်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ်။ ဘယ်လိုမှကို နားလည်ပေးလို့မရတဲ့အတွက်ကြောင့် ဒီအခြေအနေထိရောက်သွားတာပဲဖြစ်တယ်။ ဒါကြောင့် ပြီးတဲ့အချိန်ကျလို့ရှိရင်ကြည့်ပါလို့ကျွန်တော်ပြောချင်တယ်။ ဒါပေမဲ့ ဒီနေ့ တစ်ကြိမ်၊ ပြီးရင် လာမယ့်ဇန်နဝါရီ ၁၁ ရက်မှာ တစ်ကြိမ်၊ ဇန်နဝါရီ ၂၅ ရက်မှာ တစ်ကြိမ် သုံးကြိမ်ပေးမယ်။ အဲဒီမှာကြည့်ပါ။ အဲဒါပြီးမှ ပြောပါလို့ ပြောချင်ပါတယ်။

**မေး။ ဗိုလ်ချုပ်မှူးကြီးရဲ့ နိုင်ငံရေးရည်မှန်းချက်ကိုလဲ သိချင်ပါတယ်ခင်ဗျာ။ ရွေးကောက်ပွဲအလွန်အခင်းအကျင်းမှာ ဘယ်လိုစဉ်းစားထားပါသလဲ။ သမ္မတလုပ်မှာလားခင်ဗျ။**

ဖြေ။ ကျွန်တော်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံ့ဝန်ထမ်း။ ကျွန်တော် ဘာမှတော်ရုံတန်ရုံသွားပြီးတော့မှ လုပ်ချင်ပါတယ်။ ပြုချင်ပါတယ်လို့သွားပြောလို့မရဘူး။ နိုင်ငံရေးပါတီခေါင်းဆောင်လဲမဟုတ်ဘူး။ ပြီးတော့ လွှတ်တော်ခေါ်တဲ့အခါကျမှလွှတ်တော်ကနေပြီး သမ္မတရွေးချယ်ရေးနဲ့ပတ်သက်တဲ့ Process တွေရှိပါတယ်။ အဲ့ဒီကျမှ သူတို့လုပ်ပါလိမ့်မယ်။ အဲ့ဒီကျမှသာ ကျွန်တော်တို့ ပြောဖို့သင့်မယ်လို့ယူဆပါတယ်။

**မေး။ မဲပေးသင့်၊ မပေးသင့် တွေဝေနေတဲ့ပြည်သူတွေအပေါ် ဘာများပြောချင်ပါသလဲ။**

ဖြေ။ ပေးသင့်တာပေ့ါ။ ပါတီစုံဒီမိုကရေစီစနစ်လက်ခံတယ်လို့ပြောထားရင် ဒီမိုကရေစီရဲ့အနှစ်သာရက ရွေးကောက်ပွဲကတော့ တကယ်လုပ်ဖို့ကောင်းတယ်။ ရွေးကောက်ပွဲကတော့ ပေးသင့်တယ်။ ကြိုက်ရင်ကြိုက်မယ်။ မကြိုက်ရင်မကြိုက်ဘူး။ ကိုယ်မကြိုက်တဲ့လူကို မပေးနဲ့ပေါ့၊ ကြိုက်တဲ့လူကိုပေးပေ့ါ။ အဲဒီအထဲမှာ Choiceဆိုတာ ရှိပါတယ်။ တချို့ပါတီတွေ၊တချို့နေရာတွေကျလဲ Choice မရှိတာပါတယ်။ နည်းတာပါတယ်။ တချို့နေရာကျတော့လဲ Choice များတာပါတယ်။ ကြိုက်တဲ့လူကိုပေး။ ရတာပဲ။ ဒါကပေးသင့်တဲ့ကိစ္စပဲ။ ဒါပေမဲ့ မပေးဘူးဆိုလို့ရှိရင် သူဟာဒီမိုကရေစီစနစ်ကို အပြည့်အဝနားမလည်ဘူးလို့ ကျွန်တော်ယူဆလို့ရတာပေ့ါ။

(ဧ၀၁)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နေပြည်တော်မှ ရန်ကုန်သို့ထွက်ခွာမည့် ဒီဇယ်လျှပ်စစ်သုံး (DEMU) အစုန်ရထားဘူတာရုံ၌ဆိုက်ကပ်ထားရှိမှုနှင့်ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဘူတာရုံအတွင်းရှိ လူသွားစင်္ကြံကို အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မှုနှင့် ရထားဘူတာရုံအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် မျက်စိပသာဒဖြစ်စေရေး၊ ရထားဝန်ထမ်းများနှင့် ခရီးသည်များ၏ သွားလာနေထိုင်မှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(ဧ၀၁)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ယနေ့တွင် ကျင်းပပြီးစီးခဲ့သည့် အပိုင်း(၁)ရွေးကောက်ပွဲသို့ လာရောက် လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲအခမ်းအနားကို ယနေ့ညနေပိုင်း တွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပသည်။



ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး နှင့် ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသည့် ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲ လာရောက်စောင့်ကြည့် လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသည့် ဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ယနေ့သည် မိမိတို့ နိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးအတွက် အရေးကြီး သည့် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိမဲပေး ပိုင်ခွင့်ကို အသုံးပြုပြီး ဆန္ဒထုတ်ဖော်ပြသ နေကြသည့်ရွေးကောက်ပွဲအပိုင်း(၁)ပြီးဆုံး သည့်နေ့ပင်ဖြစ်ပါကြောင်း၊ ရွေးကောက် ပွဲဆိုသည်မှာ နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ် ခြင်းတစ်ခုတည်းအတွက် မဟုတ်ပါ ကြောင်း၊ ပြည်သူအားလုံး ပါဝင်ဆောင် ရွက်နိုင်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုစသည့် ဒီမိုကရေစီ ၏တန်ဖိုးများကို ပေါ်လွင်ထင်ဟပ်စေခြင်း ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အဆွေ တော်တို့ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများ ကို ချီးကျူးမှတ်တမ်းတင်သည့်အနေဖြင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့် လုပ်ငန်း စဉ်တစ်လျှောက် ဘက်မလိုက်ဘဲ စောင့် ကြည့်လေ့လာခဲ့ကြသည့် အဆွေတော် အားလုံးကို မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံပြည်သူများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါ ကြောင်း၊ အဆွေတော်တို့၏ စောင့်ကြည့် လေ့လာမှုများသည် လွတ်လပ်မှု၊ တရား မျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ခိုင်မာ စေရုံသာမက ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲ တွင် ပါဝင်သူအားလုံးအတွက် ယုံကြည်မှု ကို ခိုင်မာစွာတည်ဆောက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးဝန်ထမ်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်က ကူညီဆောင်ရွက်ပေးခဲ့ သူများ၊ နိုင်ငံရေးပါတီများ၊ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်ဖြင့် လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင် ပြည်သူများ၏ ကြိုးစားအားထုတ်မှု များကိုလည်း အဆွေတော်တို့ မျက်ဝါး ထင်ထင် မှတ်ကျောက်တင်နိုင်ခဲ့ပြီဟု လည်း ယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့် အဆွေတော် တို့၏ ကောင်းမွန်သည့် လေ့လာတွေ့ရှိ ချက်များနှင့် အကြံပြုချက်များကိုလည်း စောင့်မျှော်နေမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်မှု သည် မြန်မာနိုင်ငံ၏ ကောင်းမွန်သည့် အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည် ဟု ယုံကြည်မျှော်လင့်မိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ဥက္ကဋ္ဌသည် တက်ရောက် လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး ညစာ မသုံး ဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုအက အဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆင်မှုများအပြီးတွင် အနု ပညာဦးစီးဌာနအဖွဲ့များကို ဂုဏ်ပြုပန်းခြင်း များနှင့်ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ၍ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်အားပေးပြီး ထောက်ပံ့ငွေများပေးအပ်

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီး များနှင့် အတွင်းရေးမှူးတို့လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးမြို့တွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ် ခဲ့သည့်ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲမှု ကြောင့် အပြစ်မဲ့ပြည်သူ အရပ်သား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ၍ မန္တလေးပြည်သူ့ ဆေးရုံကြီးတွင် ဆေးကုသပေးနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကား များပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။



အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော အရပ်သားပြည်သူများ နေထိုင်ရာမြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက် ကွက်များဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံး များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ယနေ့ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်စီးရာပျက်စီးကြောင်း ကြံရွယ်လျက် နှောင့်ယှက်ဖျက်ဆီးရာ ယနေ့ နံနက် ၁ နာရီခွဲခန့်မှ ၂ နာရီခန့်ထိ ရှော့တိုက်ဒုံး လေးလုံးဖြင့် ပစ်ခတ်ခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအနီးသို့ သုံးလုံး၊ မန္တလေး အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီ အရှေ့ရပ်ကွက်အတွင်းရှိ လူနေအိမ်ပေါ်သို့ တစ်လုံး ကျရောက် ပေါက်ကွဲခဲ့သည်။

အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီ အရှေ့ရပ်ကွက်အတွင်း ကျရောက်ပေါက် ကွဲခဲ့မှုကြောင့် လူနေအိမ်နှစ်လုံးထိခိုက် ပျက်စီးခဲ့ပြီး ရပ်ကွက်အတွင်းနေထိုင်သူ အသက် ၃၂ နှစ်ရှိ အမျိုးသား တစ်ဦးနှင့် ၎င်း၏ဇနီး အသက် ၃၀ နှစ် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင် ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြား မှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော် ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင် ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင် မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# တိုင်းပြည်အနာဂတ်လမ်းဖြောင့်ဖြူးစေမည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ကျင်းပခဲ့ပြီး နိုင်ငံသားတစ်ဦးတာဝန်ကို ကျေပွန်ခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-

**ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ Mr.Yerman Mukhtar**



"ကျွန်တော်ကတော့ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ Mr.Yerman Mukhtar ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့အတွက် ဝမ်းသာဂုဏ်ယူကြောင်း ပထမဦးစွာ ပြောလိုပါတယ်။ ကျွန်တော်တို့ လေ့လာတွေ့ရှိရတာကတော့ ဒီရွေးကောက်ပွဲကို အကောင်းဆုံးစီမံဆောင်ရွက်ထားတာ တွေ့ရပါတယ်။ မဲဆန္ဒပေးတဲ့သူတွေထဲမှာ လူငယ်တွေအများအပြား တွေ့ရပါတယ်။ ဒါဟာ အရမ်းကို ကောင်းမွန်တဲ့အချက်ပါ။ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကော်မရှင်က ကျွန်တော်တို့ကို ရွေးကောက်ပွဲမှာ မြန်မာနိုင်ငံကထုတ်လုပ်တဲ့ Electronic Voting Machine မဲပေးစက်ကိုပြသခဲ့ပါတယ်။ ဒီမဲပေးစက်ကို ထိထိရောက်ရောက်အသုံးပြုတာကိုလဲ ကျွန်တော်တို့တွေ့ရပါတယ်။ နောက်ထပ်တစ်ခုက မဲရုံတွေမှာ အေးအေးဆေးဆေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ပြည်သူတွေမဲပေးလို့ရနိုင်တဲ့ အခြေအနေ လုပ်ဆောင်ထားတာကိုလဲ တွေ့ရပါတယ်"

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool**

"ကျွန်တော်အနေနဲ့ ပထမဆုံးပြောချင်တာက မြန်မာနိုင်ငံကိုရောက်လာပြီး မဲပေးတာကို လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ ကျွန်တော်တို့က အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖွဲ့အနေနဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့လာတဲ့အချိန် ပထမနေ့မှာပဲ ပြည်သူတွေ ဘယ်လိုမဲပေးတယ်။ တန်းစီပြီးမဲပေးဖို့ မတ်တတ်ရပ်နေတာတွေမြင်ရတာဟာ တကယ်ကို



ပြည်သူတွေက စိတ်ပါဝင်စားစွာ ကိုယ့်ရဲ့အနာဂတ်၊ ကိုယ့်ရဲ့မှန်ကန်တဲ့ အစိုးရကို ရွေးချယ်နေတာဆိုတာ ကြည့်တာနဲ့ကိုသိနိုင်ပါတယ်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလဲ လာရောက်စစ်ဆေးကြပ်မတ်နေတာကိုတွေ့ရတယ်။မကြာသေးခင်ကလဲ လာရောက်နှုတ်ဆက်ခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် မြန်မာပြည်သူတွေကော နိုင်ငံ့ခေါင်းဆောင်တွေပါ မဲပေးတာကိုကြည့်ခြင်းအားဖြင့် တကယ်ကို စိတ်ဝင်တစား စိတ်အားထက်သန်စွာ ပြုလုပ်နေကြတာကိုတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲအမြင်ကို ပြောရမယ်ဆိုရင် မဲရုံကိုရောက်လာတဲ့ပြည်သူတွေဟာ သူတို့ရဲ့ မှန်ကန်တဲ့အစိုးရ၊ မှန်ကန်တဲ့ခေါင်းဆောင် ရွေးချယ်မှုကို ပြုလုပ်နေကြတာဖြစ်ပါတယ်။ ဒီအတွက်လဲ သူတို့လှျို့ဝှက်စွာ ဆန္ဒမဲပေးနေတာကို တွေ့ရပါတယ်။ ကောင်းကောင်းမွန်မွန် စီစဉ်ထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ဆီမှာလဲ အခုလို ပုံစံမျိုးပဲဖြစ်ပါတယ်။ ဒါဟာစစ်မှန်တဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပါလိမ့်မယ်။ စစ်မှန်တဲ့အစိုးရတစ်ရပ် ထွက်ပေါ်လာမယ်ဆိုတာကို ကျွန်တော် လုံးဝယုံကြည်ပါတယ်။ ကျွန်တော်အခုမြင်တာကို ပြောရမယ်ဆိုရင် ပါတီအများကြီးဝင်ရောက်ယှဉ်ပြိုင်တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ပါတီအများကြီးရဲ့ မူဝါဒတွေအပေါ်မှာ ပြည်သူတွေကလဲ သူတို့ရဲ့ ကိုက်ညီတဲ့ပါတီကို မဲပေးဆုံးဖြတ်တာဖြစ်ပါတယ်။ ဒီလိုစနစ်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုသွားမယ်ဆိုရင် အလွန်ကောင်းမွန်တဲ့ စနစ်တစ်ခုဖြစ်ပါတယ်။ ပြည်သူတွေ အခုလိုမျိုးစိတ်အားထက်သန်စွာ မဲပေးနေတာဟာ ကိုယ့်ရဲ့နိုင်ငံ မှန်ကန်ကောင်းမွန်အောင် ဖြစ်ပေါ်လာစေတယ်ဆိုတာကို ကျွန်တော်တို့ကောင်းကောင်း သိပါတယ်။ ကျွန်တော်တို့အနေနဲ့ပြောရမယ်ဆိုရင် ရွေးကောက်ပွဲ အောင်မြင်အောင်ကြိုးပမ်းပြီးတော့ ပြုလုပ်နေတယ်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလဲ ရွေးကောက်ပွဲအပေါ်မှာ စိတ်အားထက်သန်စွာ ကျင်းပပေးတဲ့အတွက် မကြာခင်မှာ ရွေးကောက်ပွဲပြီးသွားမယ်။ ပါလီမန်အသစ် ပေါ်လာမယ်။ ပါလီမန်ကနေပြီးတော့ အစိုးရဖွဲ့မယ်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်မယ်။ ဒီလိုအစီအစဉ်တွေ ဆက်ပြီးတော့ လုပ်ဆောင်ပါမယ်။ ပြည်သူတွေက သူတို့ရွေးချယ်ခဲ့တဲ့ ပါတီမှန်ကန်မှု ရှိ၊မရှိဆိုတာ သူတို့သိရပါလိမ့်မယ်။ ယခုလိုမျိုးရွေးကောက်ပွဲ ပြုလုပ်တာဟာ အဓိကအားဖြင့် ဖြစ်ပေါ်လာမယ့် အစိုးရအသစ်က နိုင်ငံရဲ့တည်ငြိမ်မှုကို ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဒီကနေတစ်ဆင့် ထပ်ပြီးတော့ သွားရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို လုပ်နိုင်ပါလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

**ဗီယက်နမ်နိုင်ငံအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာသံအမတ်ကြီး H.E.Mr.Mario Jose Armengol Campos**



"ကျွန်တော်က ဗီယက်နမ်နိုင်ငံအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာ သံအမတ်ကြီး H.E.Mr. Mario Jose Armengol Campos ဖြစ်ပါတယ်။ အဓိကကတော့ ပထမအနေနဲ့ပြောရမယ်ဆိုရင် မြန်မာနိုင်ငံကိုလာရောက်ပြီး အခုလိုမျိုးလေ့လာခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ လေ့လာကြည့်တဲ့အခါမှာလဲ မြန်မာနိုင်ငံမှာပြည်သူလူထုအနေနဲ့ လုံခြုံစွာမဲပေးနေတာကို သိရတယ်။ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ဆန္ဒအတိုင်းပေးတာကို တွေ့ရတယ်။ Electronic Voting Machine နဲ့ပတ်သက်ပြီး ကောင်းတဲ့ Idea လို့ ကျွန်တော်မြင်ပါတယ်။ ဒီစက်ကိုအသုံးပြုခြင်းအားဖြင့် ပိုမိုလျင်မြန်စွာမဲပေးနိုင်ပြီးတော့ ရလဒ်တွေကိုလဲ ပိုမိုလျင်မြန်စွာရရှိနိုင်မယ်လို့ထင်ပါတယ်။ ရွေးကောက်ပွဲကျင်းပတာနဲ့ပတ်သက်ပြီး လုံခြုံအောင်မြင်စွာကျင်းပတာကို တွေ့ရပါတယ်"

**ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီဘာရှန်**

"ကျွန်တော်ကတော့ မဲပေးတာကိုလာရောက်ကြည့်ရှုခြင်းဖြစ်ပါတယ်။ အခုလိုမျိုး လိုက်ပြီးကြည့်လိုက်တဲ့အချိန်မှာ အကုန်လုံးလာရောက်ပြီးမဲပေးကြတဲ့လူတွေအကုန်လုံးကလဲ စနစ်တကျရှိကြပါတယ်။ စိတ်ဝင်တစားနဲ့လာရောက်ပြီး မဲပေးကြတာကိုတွေ့ရပါတယ်။ ဆောင်ရွက်ပေးတဲ့သူတွေ အကုန်လုံးကလဲ ဥပဒေအတိုင်းအကုန်လုံး လိုက်နာပြီး ဘာမှအနှောင့်အယှက်မရှိဘဲ စီစဉ်ဆောင်ရွက်



တာကိုတွေ့ရတော့ ဝမ်းသာပါတယ်။ ကျွန်တော့်အနေနဲ့ခြုံပြီးပြောရလို့ရှိရင် မဲပေးဖို့စီစဉ်သူရော၊ လာရောက်ပြီးမဲပေးသူတွေအားလုံးက အကုန်လုံး အဆင်ပြေပါတယ်။ အကုန်လုံးကလဲ သတ်မှတ်ထားတဲ့ စည်းကမ်းတွေအတိုင်း လိုက်နာပေးကြတာကိုတွေ့ရပါတယ်"

"ကျွန်မကပထမဆုံးမဲပေးတာဆိုတော့ စိတ်လှုပ်ရှားမိပါတယ်။ အရမ်းလဲကျေနပ်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကျေပွန်သွားပြီလို့လဲ ခံစားမိပါတယ်။ ကျွန်မတို့ လူငယ်တွေအတွက် အကျိုးပြုမယ့်ခေါင်းဆောင်ကောင်းကိုလဲ အများကြီးမျှော်လင့်ထားပါတယ်။ ဘယ်သူပဲရရပေါ့နော်။ နိုင်ငံအတွက်ကိုလဲ အများကြီးအကျိုးပြုမယ့်လူကို မျှော်လင့်မိပါတယ်"

"ကျွန်မက ပျဉ်းမနားမြို့ကလာပြီး မဲပေးတာပါ။ ပထမဆုံးမဲပေးခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်မလိုပဲ မဲပေးပိုင်ခွင့်ရှိတဲ့ လူငယ်တွေအားလုံး မဲလာပေးပါလို့ နှိုးဆော်အပ်ပါတယ်"

"MEVM စက်နဲ့ပေးတဲ့အတွက်ကြောင့် ပိုပြီးတိကျတယ်။ ကိုယ်ပေးချင်တဲ့ပါတီကို တစ်ခါတည်းနှိပ်လိုက်တာနဲ့ လွယ်လွယ်ကူကူတိကျတဲ့အဖြေရတယ်ပေါ့နော်။ အဲ့ဒါကြောင့် လွယ်ကူတယ်လို့ပြောတာပါ။ ကျွန်မက ဗမာဆိုတော့ သုံးမျိုးပဲပေးခဲ့ရပါတယ်။ ကျွန်မတို့ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အကောင်းဆုံးပေးဆပ်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကို မဲပေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့ တာဝန်ကျေတယ်လို့ခံစားရပါတယ်"

"ကျွန်တော်က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာမဲပေးတာ ပထမဆုံးအကြိမ်ပါ။ ဒီလိုမျိုး Privacy တွေလဲရှိတော့ မဲပေးရတာအဆင်ပြေပါတယ်။ ကိုယ်ရွေးချယ်ချင်တဲ့ လူကိုမဲပေးခဲ့ရလို့ပျော်ပါတယ်။ ကျွန်တော်တို့မဲပေးပြီး ထွက်ပေါ်လာမယ့် အစိုးရက ကျွန်တော်တို့ ပြည်သူပြည်သားတွေအတွက်ရော လူငယ်တွေအတွက်ရော ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ဖော်ဆောင်ပေးမယ်လို့ယုံကြည်ပါတယ်ခင်ဗျ" (၅၀၁)









မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း (၁)ကို ယနေ့ နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၀၂ မြို့နယ်အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ရှစ်မြို့နယ်အတွင်း၌ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများက ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ် မဲရုံများတွင် လာရောက်ဆန္ဒမဲပေးလျက်ရှိကြသည့်မြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်သည်။

အလားတူ ကချင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကယားပြည်နယ်တွင် နှစ်မြို့နယ်၊ ကရင်ပြည်နယ်တွင် သုံးမြို့နယ်၊ ချင်းပြည်နယ်တွင် နှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၂ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် လေးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ကိုးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ မွန်ပြည်နယ်တွင် ငါးမြို့နယ်၊ ရခိုင်ပြည်နယ်တွင် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂ မြို့နယ်၊ ရှမ်းပြည်နယ်တွင် ၁၂ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ စုစုပေါင်းမြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်ကြပြီး အဆိုပါမြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲပေးခြင်းများကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသားပြည်သူများက စနစ်တကျဖြင့် ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ

စာမျက်နှာ ၂၁ သို့



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆန္ဒမဲပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆန္ဒမဲပေးစဉ်။























ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၀၂ မြို့နယ်အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများက ဆန္ဒမဲပေးခြင်းဆောင်ရွက်ကြစဉ်။













ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၀၂ မြို့နယ်အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများက ဆန္ဒမဲပေးခြင်းဆောင်ရွက်ကြစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

မဲရုံများတွင်လည်း နံနက် ၆ နာရီ မဲရုံစတင်ဖွင့်လှစ်သည်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရုံး၊ ဌာနအသီးသီးမှ အရာရှိစစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာမဲရုံများသို့သွားရောက်၍ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit)မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျရေတွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုနှင့်ပတ်သက်၍ မဲရုံအသီးသီးတွင် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုကြားသိရပါတယ် -

**မှော်ဘီမြို့နယ် (အမျိုးသမီး)**

“ကျွန်မတို့နိုင်ငံ ဒီထက်ပိုမိုကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ အခုလိုမျိုး လာရောက်ပြီးတော့ မဲပေးရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလိုပေးချင်လို့လဲ အချိန်ပေးပြီးတော့ လာရောက်မဲပေးတာဖြစ်ပါတယ်။ဒီမိုကရေစီလမ်းကြောင်းပေါ် ကျွန်မတို့လျှောက်လှမ်းနေတဲ့အပေါ်မှာလဲ ကောင်းမွန်တဲ့လမ်းကြောင်းတစ်ခုလို့မြင်ပါတယ်။ ဒီ MEVM မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အချိန်ကုန်သက်သာတယ်။ မြန်မြန်ဆန်ဆန်ဖြစ်တယ်။ စာရေးဖို့ အဆင်မပြေတဲ့သူတွေအတွက်လဲ အဆင်ပြေပါတယ်။ ပြီးတော့ ရလဒ်လဲ မြန်မြန်ဆန်ဆန်နဲ့ တိတိကျကျထွက်တာပေါ့”

**တောင်ကြီးမြို့နယ် (အမျိုးသမီး)**

“မဲလာပေးရတာ အဆင်ပြေမှုရှိပါတယ်။ အရင်တုန်းကတော့ စာရွက်ပေါ်မှာ အမှန်ခြစ်ခြစ်တဲ့အတွက် တချို့အမှန်ခြစ်ကို မခြစ်တတ်တဲ့သူတွေရှိတော့ ပယ်မဲတွေလဲ များပါတယ်။ အခုကျတော့ ကိုယ်ကြိုက်တဲ့ ပါတီကို စက်ခလုတ်နှိပ်ရတဲ့အတွက် အဆင်ပြေမှု အများကြီးရှိပါတယ်”

**တောင်ကြီးမြို့နယ် (အမျိုးသား)**

“အခုလိုမျိုး လွတ်လွတ်လပ်လပ်နဲ့ မဲပေးရတဲ့အတွက် ဝမ်းသာပါတယ်။ ပြီးတော့ ပြည်သူလူထုက ဝိုင်းပြီးတင်မြှောက်တဲ့ အစိုးရတစ်ရပ် ပေါ်လာမယ်ဆိုတော့ ဝမ်းသာပါတယ်”










**တောင်ကြီးမြို့နယ် (အမျိုးသမီး)**

“ကျွန်မတို့က အခုမှစပြီးတော့ မဲပေးရတဲ့အတွက် နည်းနည်းတော့စိတ်လှုပ်ရှားမှုတော့ဖြစ်မိပါတယ်။ ဒါပေမဲ့ လုံလုံခြုံခြုံနဲ့ ကိုယ်ကြိုက်တဲ့ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့အတွက်တော့ စိတ်ထဲမှာ ကျေနပ်အားရ ဝမ်းသာပီတိဖြစ်မိပါတယ်”

**တောင်ကြီးမြို့နယ် (အမျိုးသမီး)**

“မဲပေးရတာ အရင်ကထက်စာရင် ပိုပြီးတော့ အဆင်ပြေပါတယ်။ ပြီးတော့ အရမ်းလဲ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် မဲပေးလို့ရတဲ့အတွက် အကြာကြီး တန်းစီစရာလဲ မလိုတော့ဘူး။ အဆင်ပြေပါတယ်။ အခက်အခဲမရှိပါဘူး။ ယုံကြည်မှုကတော့ရှိပါတယ်။အရင်ကထက်ပိုပြီးတော့ လုံခြုံမှုလဲရှိတယ်။ လွယ်လွယ်ကူကူလဲ မဲပေးရတဲ့အတွက် အရင်ကထက်ပိုပြီးတော့အဆင်ပြေပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ဒီလိုမဲပေးခွင့်ရတဲ့အတွက်လဲ အရမ်းကိုပျော်ပါတယ်”







ယနေ့ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် ရွေးကောက်ပွဲလာရောက်စောင့်ကြည့် လေ့လာကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကလည်း မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို လာရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုး ဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူ စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၌လည်း ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာစတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်နှင့် ယနေ့တို့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး အနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး၊ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို





စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၈**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်တို့အတွင်း ဝင်ရောက်ကာ ပြည်သူပိုင်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများကို ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင်မြေပေါ်၊ မြေအောက်သယံဇာတများ အဓမ္မနည်းဖြင့်ထုတ်ယူပြီး ကိုယ်ကျိုးသုံးစွဲခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် စဉ့်ကူးမြို့ကို ဒီဇင်ဘာ ၁၉ ရက်တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ စဉ့်ကူးမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေပန်းများ၊ ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုကြသည်။

အဆိုပါဒေသအတွင်း အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကြောင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအပေါ် အကြောင်းမဲ့ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ မြို့ရွာများကိုဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့် အဆိုပါအကြမ်းဖက်သမားများကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) မန္တလေးတိုင်းဒေသကြီး မြို့နယ် ရှစ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတ်မှတ်မဲရုံများ၌ စိတ်အေးချမ်း လွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူးတို့သည် ယနေ့နံနက်ပိုင်းက သတ်မှတ်မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှစတင်၍ စနစ်တကျဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာမဲပေးနေမှုများ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဆန္ဒမဲများပေးပြီး လိုက်လံကြည့်ရှုခဲ့ကြသည်။

ယနေ့ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အောင်မြေသာစံမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တို့ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၃၅၃၄၉၂ ဦးအတွက် မဲရုံ ၁၂၄၂ ရုံကို စနစ်တကျဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

---

☆ ကျောဖုံးမှအဆက်

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၁၆၂ ဦးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်းလိုက် အောင်မြင်စွာကျင်းပနေမှုများကို ပါဝင်စောင့်ကြည့်လေ့လာကြမည်ဖြစ်သည်။

ယနေ့တွင် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Alexei Bashan၊ ကာဇက်စတန်နိုင်ငံရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အထက(၁၄)ရှိ မဲရုံအမှတ်(၁)၊ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မင်္ဂလာဗျူဟာသာသနဒ္ဓဇိမာန်ရှိ မဲရုံအမှတ်(၂)၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် အထက(၁၃)ရှိ မဲရုံအမှတ်(၁)၊ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် အထက(၂၀)ရှိ မဲရုံအမှတ်(၁)၊ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အမက(၁၄၀)ရှိ မဲရုံအမှတ်(၃)နှင့် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် အထက(၃)ရှိ မဲရုံအမှတ်(၄)တို့၌ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြု၍ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာဆန္ဒပြုမဲပေးရွေးချယ်နေမှု၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာစံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုကို လေ့လာစောင့်ကြည့်ကြပြီး မဲဆန္ဒရှင်များနှင့် မဲရုံမှူးများကို တွေ့ဆုံ၍ ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။



နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက်နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှုကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း ဦးဆောင်၍ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E. Mr. YICH Samethy၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh၊ နီကာရာဂွါနိုင်ငံမှ Mr. Mario jose Armengol Campos၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာ-ဂျပန်အသင်း(MJA) ကိုယ်စားလှယ်အဖွဲ့တို့ပါဝင်သည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့ သွားရောက်၍ မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့်မဲဆန္ဒရှင်များကိုတွေ့ဆုံကာ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၆ သန်းကျော်ရှိပြီး မဲဆန္ဒနယ် ၆၉၂ နယ်၌ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ယှဉ်ပြိုင်မည့်ပါတီခြောက်ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုအတွင်းတွင် ယှဉ်ပြိုင်မည့်ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❖ ဂီတဖျော်ဖြေပွဲမှ

၂၇ လမ်း ၆၈ လမ်းမှ လမ်း ၇၀ တို့တွင်လည်းကောင်း၊ ၆၈ လမ်း ၂၇ လမ်းမှ ၂၉ လမ်းတို့တွင်လည်းကောင်း ဆိုင်ကယ်၊ ကားများအပ်နှံထားနိုင်ရန် စီစဉ်ပေးထားမည်ဖြစ်သည်။

New Year နှစ်သစ်ကူးပွဲတော်ညတွင် နိုင်ငံကျော်သရုပ်ဆောင်များ၊ အဆိုတော်များ၊ မြူးကြွလှသည့် DJ၊ Dancer များဖြင့် ပရိသတ်များနှင့်အတူ နှစ်သစ်ကူးမီးရှူးမီးပန်းများကို ရင်သပ်ရှုမောဖွယ်ပစ်ဖောက်ကျင်းပသွားမည်ဖြစ်ရာ မန္တလေးမြို့သူ၊ မြို့သားများအနေဖြင့် ပျော်ရွှင်စွာ အတူဆင်နွှဲနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **ရွှေမန်း**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။


(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံများ လေအိုးမီးအိုးဖြင့် မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ် အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် ဂိုဒေါင်တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်းအဆောက်အအုံ ၆၆ လုံးတို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

၎င်းအပြင် KK park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် လွှစင်အုပ်စု ဘုန်းစိုးကြီးကျေးရွာ ဘုန်းစိုးကြီးကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ သက်တော် ၁၀၅ နှစ် သိက္ခာ ၈၅ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် တနင်္ဂနွေနေ့ နံနက် ၀၀:၁၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

---

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ထူးခြားသည့် ညအပူချိန်များ (၂၈ - ၁၂ - ၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်ကော် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း နေလှန်းဆားပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ဒေသထွက်နေလှန်းဆားပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း နေလှန်းဆားပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ထဲကို နေလှန်းဆားပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါရတယ်။ အခုလို နေလှန်းဆား အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၄၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**မုံရွာ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ၁၃၈၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အများဆုံး စိုက်ပျိုးထားတာကတော့ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။



အရာတော်မြို့နယ်၌ ယခုနှစ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကတုတ်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကတုတ်ရွာမကျေးရွာ၌ ကျေးရွာလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုနိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာ၌ လမ်းအရှည်ပေ ၁၃၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၇ သန်းအသုံးပြု၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၉ ရက်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချိုလေး**

## နှစ်သစ်ကြိုတဲ့ ဆောင်းပြဇာတ်

\- မိုးတိမ်ပြာ ခေါင်းမှာဆောင်းလို့
ပြောင်းလာကြောင်း ဆောင်းကဆို၊
မြောက်ပြန်လေ ပြောက်ကျားတပ်
ပစ်ခတ် မြူချို၊
ဆောင်းဦးက ဘုရင်လို
ပလ္လင်ကို တန်ဖိုးထား၊
မိုက်အမှောင် မိုးတစ်အုပ်
နောက်ဆုတ်လို့သွား။

\- မြသွေးရောင် နိမိတ်များ
နှစ်သစ်အား ကြိုနေပြီ၊
တို့နိုင်ငံ ကောင်းသတင်း
သင်းမွှေးတော့မည်၊
ရွှန်းလဲ့လဲ့ ရွှေပန်းချီ
နေခြည်လို အလင်းလွှတ်၊
ရှစ်ခွင်နယ် အနံ့တစ်လွှား
နှင်းခါးနဲ့ကွပ်။

\- ရိုကျိုးစွာ ခေါင်းကိုညွတ်
လွတ်လပ်မှု ရာဇဝင်၊
တို့ပြည်ပေါ် အလှခင်းတဲ့
မြစ်မင်း ကောင်းတွေ၊
မြူနုနု ရောယှက်မွှေ
ဖော်ဆောင်နေ ရေချိုအေး၊
ပုရစ်ဖူး အသွယ်သွယ်ရယ်နဲ့
ပြည်အထူးကြွယ် ကောင်းမှုမြတ်ဖို့
ကြည်နူးဖွယ် ဆောင်းပြဇာတ်က
(နှစ်သစ်ကြိုရင်း..)
ဖွင့်လှပ်လို့ပေး။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အားလုံးပါဝင်မဲပေး

စိန်ငွေးလှိုင်(ပခုက္ကူ)

**❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် အကျုံးဝင်သူအားလုံးက ဆန္ဒမဲပေးကြရပါမည်။ ပြည်သူများအနေဖြင့် မဲစာရင်းထုတ်ပြန်သည့်အခါ မိမိအမည် ပါ၊ မပါ စစ်ဆေးရမည်။ မဲပေးခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံသားတစ်ဦး အနေဖြင့် တာဝန်ယူတတ်မှုရှိသည်ကိုလည်း ဖော်ပြနေသည်။ မိမိ ပေးလိုက်သောဆန္ဒမဲသည် နိုင်ငံတော်၏အကျိုးစီးပွားကိုဖော်ဆောင် သည့်နေရာတွင် အဆုံးအဖြတ်ဖြစ်နိုင်သည်ကိုလည်း သတိပြုရမည်။ ယခုကဲ့သို့ မဲပေးကြမည်ဆိုရာတွင် နိုင်ငံသားအားလုံးသည် နိုင်ငံရေး အသိအမြင်ကြွယ်ဝရန် လိုအပ်သည်။ ❖**

ရွေးကောက်ပွဲစနစ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်သူများကို ကိုယ်စားပြုရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်များကိုရွေးချယ်ရာ၌ အသုံးပြုသည့် စနစ်တစ်ခုပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးမည်ဆိုပါက ရွေးကောက်ပွဲများကို မဖြစ်မနေကျင်းပကြရသည်။ တစ်နည်းအားဖြင့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်ကြမည့် ပါတီကိုယ်စားလှယ်များကို ပြည်သူ့ဆန္ဒဖြင့်ရွေးချယ်ခြင်းဖြစ်ကာ သက်ဆိုင်ရာ လွှတ်တော်အသီးသီးသို့ နေရာထားရှိလိုက်ခြင်းပင် ဖြစ်သည်။ ထိုသူများသည် နိုင်ငံတော်ကိုစီမံအုပ်ချုပ်ကြမည့်သူများဖြစ်ကြရာ ရွေးကောက်ပွဲတစ်ခုသည် လွတ်လပ်ပြီးတရားမျှတမှုရှိရန် လွန်စွာအရေးကြီးသည်။ ပြည်သူများသည် မိမိတို့ရရှိထားသည့် နိုင်ငံသားအခွင့်အရေးဖြင့် ဆန္ဒပြုရွေးချယ်လိုက်သည့်ရလဒ်မှာ နိုင်ငံတော်၏ကံကြမ္မာတစ်ခုဖြစ်သည်ကိုလည်း သတိမူသင့်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ရွေးကောက်ပွဲအတွေ့အကြုံများရှိခဲ့သည်။ ၁၉၂၂ ခုနှစ်နိုဝင်ဘာလတွင် အင်္ဂလိပ်အစိုးရကကျင်းပသော ဒိုင်အာခီ(Dyarchy) ရွေးကောက်ပွဲများမှစတင်ခဲ့သည်။ ၁၉၃၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ရွေးကောက်ပွဲ၌ မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်တွဲဖက်ရေး သို့မဟုတ် သီးခြားတည်ရှိရေးဆိုသော တွဲရေးခွဲရေးဆိုင်ရာ ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏စိတ်ဝင်စားမှုကိုမြင့်တက်စေခဲ့သည်။ ဆက်လက်၍ ၉၁ ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲများ၊ ၁၉၄၇ ခုနှစ် တိုင်းပြုပြု လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ လွတ်လပ်ရေးရပြီးသောအခါ ပါလီမန်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ပါလီမန်အထွေထွေရွေးကောက်ပွဲ၊ ၁၉၆၀ ပြည့်နှစ်တွင် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခုနှစ်တွင် တစ်ပါတီစနစ်ရွေးကောက်ပွဲတို့ကို ပြုလုပ်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရအသီးသီးလက်ထက် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်တို့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အာဏာရပါတီ၏ရွေးကောက်ပွဲ ရလဒ်နှင့်ပတ်သက်ပြီး အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်။ မဲစာရင်းထုတ်ပြန်ရာတွင် ပွင့်လင်းမြင်သာမှု မရှိခဲ့ပေ။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ နောက်ဆုံးထုတ်ပြန်ချက်အရ မဲမသမာမှုပြုနိုင်သော မဲစာရင်းပေါင်း ၁၀၄၈၂၁၁၆ တွေ့ရှိခဲ့သည်။ ထို့ကြောင့် ၎င်းရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်လိုက်ကြောင်း ၂၀၂၁ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

ယနေ့ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်(ယနေ့)မှစ၍ အပိုင်းလိုက်ကျင်းပလျက်ရှိသည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် "လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"ဟု ဖော်ပြခဲ့သည်။ ထို့ပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍တရားမျှတသော အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း"ဟု ဆွေးနွေးပြောကြားခဲ့သည်။

လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့်အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျင်းပသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။ ၎င်းအချက်မှာ နိုင်ငံတော်၏မျှော်လင့်ချက်ပန်းတိုင်နှင့်ပြည်သူတို့၏ လိုလားမှုအစစ်အမှန်ဖြစ်သည်။ ရွေးကောက်ပွဲစနစ်သစ်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပြည်သူများ၏ မျှော်လင့်ချက်ရောင်နီဦးဖြစ်ပေသည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ၂၀၂၄ ခုနှစ် မတ် ၅ ရက်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်ခဲ့သည်။ မဲစနစ်တွင် ပြည်သူ့လွှတ်တော်တစ်ခုတည်းသာ အနိုင်ရသူ အကုန်ယူစနစ်(First Past The Post-FPTP) နှင့် ကျန်လွှတ်တော်များအတွက် ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ်(Mixed Member Pro-portional Pepresentation-MMP) နှစ်မျိုးစလုံးကို အသုံးပြုသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများ၊ မဲရုံဆိုင်ရာလုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများကျွမ်းကျင်မှုရှိစေရန် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပပြီးဖြစ်သည်။ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးရမည်ဖြစ်ရာ ရိုးရှင်းပြီး လုံခြုံစိတ်ချရသည်။ ရွေးကောက်ပွဲကျင်းပရာတွင် အထောက်အကူရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခဲ့သည်။ ၂၀၂၄ ခုနှစ် ရှေ့ပြေးလူဦးရေစာရင်းအရ စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်တွင် စုစုပေါင်းလူဦးရေ ၅၁၃၁၆၇၅၆ ရှိပြီး မြို့နယ်ပေါင်း ၃၃၀ ရှိသည်။

နိုင်ငံတော်အစိုးရသည် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းနေသကဲ့သို့ နိုင်ငံရေးပါတီများကလည်း ပြည်သူများအားကိုးအားထားပြုလောက်သော ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြောင်း၊ ပြည်သူများက ယုံကြည်လောက်သော စံပြကိုယ်စားလှယ်လောင်းများဖြစ်ကြောင်းတို့ကိုလက်တွေ့ပြသရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီးမျိုးချစ်စိတ်ရှိသည့်အပြင် တိုင်းပြည်အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့်ကဏ္ဍများတွင် အရည်အချင်းပြည့်ဝသူများ ဖြစ်ရပါမည်။ ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိရမည့်အပြင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးအမြင်ရှိသူလည်း ဖြစ်ရမည်။ သက်ဆိုင်ရာပါတီများအနေဖြင့်လည်း အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများကိုလေ့ကျင့်မွေးထုတ်ကာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သင့်သည်။ သို့မှသာ နိုင်ငံတော်အတွက် အားထားရသော အင်အားစုများပေါ်ထွက်လာမည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် အကျုံးဝင်သူအားလုံးက ဆန္ဒမဲပေးကြရပါမည်။ ပြည်သူများအနေဖြင့် မဲစာရင်းထုတ်ပြန်သည့်အခါ မိမိအမည် ပါ၊ မပါ စစ်ဆေးရမည်။ မဲပေးခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံသားတစ်ဦးအနေဖြင့် တာဝန်ယူတတ်မှုရှိသည်ကိုလည်း ဖော်ပြနေသည်။ မိမိပေးလိုက်သော ဆန္ဒမဲသည် နိုင်ငံတော်၏အကျိုးစီးပွားကိုဖော်ဆောင်သည့်နေရာတွင် အဆုံးအဖြတ်ဖြစ်နိုင်သည်ကိုလည်း သတိပြုရမည်။ ယခုကဲ့သို့ မဲပေးကြမည်ဆိုရာတွင် နိုင်ငံသားအားလုံးသည် နိုင်ငံရေးအသိအမြင်ကြွယ်ဝရန်လိုအပ်သည်။ မဲနိုင်သဖြင့်တက်လာသောအစိုးရသည် ကိုယ်နှင့်ထိုက်တန်သော အစိုးရဖြစ်ပေလိမ့်မည်။ အဆိုပါ အစိုးရအဖွဲ့မကောင်းလျှင် မိမိပင် ခံရမည်ဖြစ်သကဲ့သို့ ၎င်းတို့ကောင်းလျှင်လည်း မိမိသာစံရမည်ဖြစ်သည်။ ထို့ကြောင့် မဲမပေးမီကတည်းက သေချာစဉ်းစားဆုံးဖြတ်ရန်လိုအပ်သည်။ ပြိုင်ပွဲဝင်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်း၊ တိုင်းပြည်အပေါ်ထားရှိသော စေတနာ၊ လုပ်နိုင်ကိုင်နိုင်စွမ်း စသည်ဖြင့် ဦးစားပေးရွေးချယ်သင့်သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြီးစီးသောအခါ ပေါ်ပေါက်လာသည့် လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားများနှင့် လူတန်းစားအလွှာများကို ကိုယ်စားပြုသူများကျယ်ပြန့်စွာပါဝင်လာပေမည်။ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသောကိုယ်စားလှယ်များ၊ ဥပဒေများကိုဝေဖန်ဆန်းစစ်နိုင်သော ကိုယ်စားလှယ်များ၊ ပထဝီနိုင်ငံရေးကိုနားလည်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များပေါ်ထွန်းလာပါက နိုင်ငံတော်သည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံရေးကိုဥပဒေနှင့်အညီ နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်နှင့်အကြမ်းဖက်လမ်းစဉ်တို့ကို ကျင့်သုံးနေကြသဖြင့် ပြည်တွင်းမငြိမ်မသက်မှုများဖြစ်ပေါ်နေသည်။ ထို့ပြင် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနေခြင်းထက် နယ်မြေချဲ့ထွင်ရေး၊ နယ်မြေအလိုက်အာဏာရရှိရေးတို့ကိုဦးတည်ဆောင်ရွက်နေကြသည်။ ၎င်းကိစ္စရပ်များကို မလိုလားသည့်ပြည်သူများနှင့် မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် အခြားနိုင်ငံများကလည်း ရွေးကောက်ပွဲကို အပြည့်အဝအားပေးထောက်ခံနေကြသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တည်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးနေသည်ဖြစ်ရာ ရွေးကောက်ပွဲများကိုမဖြစ်မနေကျင်းပသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်များပေါ်ပေါက်လာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းလုပ်ဆောင်နိုင်မည်ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ စသောလူတန်းစားအလွှာပေါင်းစုံတို့သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့်အတူပူးပေါင်းကာ တစ်တပ်တစ်အား ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ(၂၀၁၂ ခုနှစ် မတ်လ ၁၉ ရက်) နှင့် နည်းဥပဒေများ။**

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၇၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အင်းတော် ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၇၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၃၃၁၄ ကေစိုက်ပျိုးရန် လျာထား ပြီး အောက်တိုဘာလ ဒုတိယပတ် မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မြေထောက်ပဲ ၃၃၁၄ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၇၈၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက် ပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်က ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း သွားကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် ညောင်ပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ညောင်ပင်ကွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၄၉ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၁ ဒသမ ၆ သန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို ငွေကျပ် ၅၁ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ညှော်မထစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ညှော်မထစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှထွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ညှော်မထစပါး တင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ညှော်မထစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ညှော်မထစပါးအမျိုးအစားက ဆန်ဈေးကွက်ထဲမှာ အရောင်းအဝယ်သွက်နေပါတယ်။ နိုဝင်ဘာလအတွင်း ညှော်မထစပါး တင်းရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ထဲကို စပါးတွေ၊ ဆန်တွေ အပါအဝင် အခြားကုန်စည်တွေ သယ်ယူတင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှထွေးက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထစပါး အမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပူတာအိုမြို့နယ် မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ပူတာအို ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပူတောင်းကျေးရွာအုပ်စု မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်စသည့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်မှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၃၈၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၄၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၆၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ငွေကျပ် ၆၀၂ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။

**အောင်ရဲကျော်**

# ဇလွန်မြို့နယ် ဆင်ကုန်းကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ဇလွန် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆင်ကုန်းကြီး ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်၊ ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဆင်ကုန်းကြီးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့ပြီး ကျေးရွာ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆင်ကုန်းကြီးကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၁၁ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ချောင်းကျောက်ခင်းခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၂၅၆ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၅ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

# တရုတ်(တိုင်ပေ)တွင် ပြင်းအား ၇ မဂ္ဂနီကျူ့အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲငလျင်များလှုပ်ခတ်နိုင်သဖြင့် သတိပေးချက်ထုတ်ပြန်ထား



**ပေကျင်း ဒီဇင်ဘာ ၂၈**

တရုတ် (တိုင်ပေ)တွင် ဒီဇင်ဘာ ၂၇ ရက်တွင် ပြင်းအား ၇ မဂ္ဂနီကျူ့အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲငလျင်များ လှုပ်ခတ်နိုင်သဖြင့် သတိပေးချက် ထုတ်ပြန်ထားကြောင်း ငလျင်နှင့်ဘူမိဗေဒဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ဒီဇင်ဘာ ၂၇ရက်က တရုတ် (တိုင်ပေ) ထိုင်ဝမ်ကျွန်း၏ အရှေ့မြောက်ကမ်းရိုးတန်းရှိ ယီလန်မြို့မှ ၃၂ ကီလိုမီတာအကွာ၊ အနက် ၇၃ ကီလိုမီတာတွင် ပြင်းအား ၇ မဂ္ဂနီကျူ့အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်ကြောင့် လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု ကြီးကြီးမားမား မရှိခဲ့ကြောင်း အာဏာပိုင်များ၏ အဆိုအရ သိရသည်။

သို့သော် ငလျင်ကြောင့် အဆောက်အအုံများစွာနှင့် လမ်းများ အက်ကွဲပျက်စီးခဲ့ရကြောင်း၊ အဆောက်အအုံများ၏ ခေါက်ချွေ့နှင့် ရေပိုက်လိုင်းများ ယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ယီလန်မြို့ရှိ အိမ်ခြေ ၃၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့ရကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားအမြန်ဆုံးပြန်လည်ရရှိရေး ဆောင်ရွက်ပေးခဲ့သဖြင့် ယနေ့တွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိခဲ့ကြောင်း ကျွန်းအာဏာပိုင်များက ပြောကြားခဲ့သည်။

လာမည့်ရက်များအတွင်း ပြင်းအား ၅ ဒသမ ၅ မဂ္ဂနီကျူ မှ ၆ မဂ္ဂနီကျူ့အဆင့်ရှိ နောက်ဆက်တွဲငလျင်များ လှုပ်ခတ်နိုင်သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် နိုးဆော်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

# မလေးရှားနိုင်ငံ တီရန်ဂါနူပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၄၆၈ ဦးထိ ရှိလာ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၈**

မလေးရှားနိုင်ငံ တီရန်ဂါနူပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြစ်သုံးစင်း မြစ်ရေလျှံတက်မှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဒီဇင်ဘာ ၂၇ ရက်မှစ၍ ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရာ ယနေ့တွင် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၄၆၈ ဦးထိ ရှိလာပြီဖြစ်သည်ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများကို စီကိုလာကီဘန်ဆင်နှင့် ကွမ်ပလက်မန်ဂါဘန်တို့တွင် ကယ်ဆယ်ရေး စခန်းနှစ်ခုဖွင့်လှစ်ကာ နေရာချပေးထားကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာသို့ အများဆုံးရွှေ့ပြောင်းခဲ့ရသည့် ဒေသများမှာ တီရန်ဂါနူပြည်နယ်မှဖြစ်ကြောင်း သိရသည်။

"တီရန်ဂါနူပြည်နယ်မှာ အန္တရာယ်ရှိတဲ့ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတွေ ရှိနေပါတယ်။ မြစ်သုံးစင်း မြစ်ရေလျှံတက်မှု ဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့်လဲ ၄၈ နာရီအတွင်း အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူတွေဟာ ဒီနေ့ထိ ၄၆၈ ယောက်ထိ ရှိလာခဲ့တာ ဖြစ်ပါတယ်။ ကယ်ဆယ်ရေးစခန်း နှစ်ခုဖွင့်လှစ်ပြီးတော့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတွေကို နေရာချပေးထားပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အများစုဟာ တီရန်ဂါနူပြည်နယ်က ဖြစ်ပါတယ်"ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကမ္ဘာတစ်ဝန်းတွင် ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးဒဏ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်ပမာဏမှာ ခန့်မှန်း ကန်ဒေါ်လာဘီလီယံ ၁၂၀ ခန့်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၈**

ဗြိတိန်နိုင်ငံတွင် အခြေစိုက်သည့် NGO အဖွဲ့အစည်းတစ်ခုဖြစ်သော Christian Aid အဖွဲ့အစည်းက ၂၀၂၅ ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်များကြောင့် ကမ္ဘာတစ်ဝန်း ပျက်စီးဆုံးရှုံးခဲ့ရသည့် ပမာဏမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာဘီလီယံ ၁၂၀ ခန့်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်များနှင့် ပတ်သက်ပြီး Christian Aid အဖွဲ့အစည်းမှ စစ်တမ်းများ ကောက်ယူခဲ့ခြင်းဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှု၊ မိုးခေါင်ရေရှားပါးမှု၊ တောမီးလောင်ကျွမ်းမှု၊ မုန်တိုင်းတိုက်ခတ်မှုများ၊ ရေကြီးရေလျှံမှုများကြောင့် ကမ္ဘာ့အသီးသီးက ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ဟု သတ်မှတ်သော်လည်း အချို့သော သဘာဝဘေးဒဏ်များမှာ လူသားတို့လုပ်ဆောင်ချက်များ၏ နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ကြောင်း၊ သေဆုံးသူလူဦးရေလည်း မြင့်မားခဲ့ပြီး အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုပမာဏ တစ်ခုတည်းကြောင့် သေဆုံးသူ ဦးရေ ၁၈၆၀ ထိရှိကြောင်း၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို မလျှော့ချနိုင်သေးသရွေ့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားသည့် ဖြစ်စဉ်မျိုး လာမည့်နှစ်များတွင်လည်း ဆက်လက် ဖြစ်ပေါ်လာနိုင်ကြောင်း Christian Aid အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။



"၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးဒဏ်တွေဟာ အရင်နှစ်တွေကထက် ပိုပြီးတော့ ဆိုးလာတယ်။ သဘာဝဘေးဒဏ်ဆိုပေမဲ့ သဘာဝဘေးဒဏ်လို့ မသတ်မှတ်နိုင်ဘဲ လူသားတို့ရဲ့ လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်ပါတယ်"ဟု လန်ဒန်မြို့အခြေစိုက် Imperial College London မှ ပါမောက္ခဖြစ်သူ ဂျိုဟန်နာက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဖင်လန်နိုင်ငံတွင် ဟန်နက်မုန်တိုင်း တိုက်ခတ်ကာ ဆီးနှင်းများကျဆင်းမှုကြောင့် လေယာဉ်ပြေးလမ်းများတွင် မတော်တဆမှုများ ဖြစ်ပွားခဲ့

**ဟယ်လ်ဆင်ကီး ဒီဇင်ဘာ ၂၈**

ဖင်လန်နိုင်ငံတွင် ဒီဇင်ဘာ ၂၇ ရက်က ဟန်နက်မုန်တိုင်း တိုက်ခတ်ကာ ဆီးနှင်းများကျဆင်းမှုကြောင့် လေဆိပ်များ၏လေယာဉ်ပြေးလမ်းများတွင် မတော်တဆမှုများ ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟန်နက်မုန်တိုင်းကြောင့် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်လာကာ ဖင်လန်နိုင်ငံမြောက်ပိုင်းကိုဖြတ်၍ တောင်ဘက်သို့ ရွေ့လျားနေကြောင်း၊ ထို့ပြင် မြောက်-အနောက်မြောက်လေများ အားကောင်းစွာ တိုက်ခတ်လျက်ရှိသည်ကို ဖင်လန်နိုင်ငံ မိုးလေဝသဌာနက ထုတ်ပြန်ထားကြောင်း၊ ဖင်လန်နိုင်ငံ လပ်ပလန်ဒေသရှိ Kittila လေဆိပ်တွင် မုန်တိုင်းအရှိန်ကြောင့် ဆီးနှင်းထူထပ်စွာ ကျဆင်းခဲ့ရာ ခရီးသည်ဦးရေ ၁၅၀ ခန့်တင်ဆောင်လာသောလေယာဉ် တစ်စင်း ပြေးလမ်းမှချော်သွားခဲ့ရကြောင်း ဖင်လန်နိုင်ငံ လေဆိပ် အော်ပရေတာ Finavia က ထုတ်ပြန်ခဲ့သည်။

အဆိုပါ လေယာဉ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့မှ ဆိုက်ရောက်လာသော လေယာဉ်ဖြစ်ကြောင်း၊ ထို့ပြင် လူ ၁၀ ဦး ပါသည့် လေယာဉ်ငယ် တစ်စင်းသည်လည်း ကစ်တီလာမြို့နယ်တွင် မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါလေယာဉ် မတော်တဆမှု နှစ်ခုစလုံးတွင် ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သော်လည်း ကစ်တီလာမြို့နယ်တွင် မတော်တဆ ဖြစ်ပွားခဲ့သည့် လေယာဉ်ကို ဖယ်ရှားပြီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အတွက် အခြား လေယာဉ်ခရီးစဉ်များ နှောင့်နှေးခဲ့ရကြောင်း၊ လက်ရှိအချိန်ထိ မုန်တိုင်းအခြေအနေ မတည်ငြိမ်သဖြင့် လပ်ပလန်းတွင် တည်ရှိသော ရိုဗာနီမီနှင့် အိုင်ဗလိုမြို့တို့တွင်လည်း လေကြောင်း ခရီးစဉ် နှောင့်နှေးမှုများနှင့် ဖျက်သိမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဖင်လန်လေဆိပ် အော်ပရေတာ Finavia က လေကြောင်းပျံသန်းမှု ထိန်းချုပ်ရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ရာသီဥတုအခြေအနေကို စောင့်ကြည့်နေဆဲဖြစ်ကြောင်း၊ ရာသီဥတုအခြေအနေ တည်ငြိမ်ပြီး လေတိုက်နှုန်း ပုံမှန်ပြန်ဖြစ်ပါက လေယာဉ်ခရီးစဉ်များ ပြန်လည် ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

# အမေရိကန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းဒေသများတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် လေကြောင်းခရီးစဉ်တချို့ကို ဆိုင်းငံ့ထား

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းဒေသများတွင် ဒီဇင်ဘာ ၂၇ ရက်မှစ၍ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့် နယူးယောက်ပြည်နယ်နှင့် နယူးဂျာစီပြည်နယ်တို့မှ အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် လေကြောင်း ခရီးစဉ်ကို ယာယီဆိုင်းငံ့ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတုလွန်ကဲမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း၊ နယူးယောက်မြို့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် Central Park တွင် ဆီးနှင်းမှာ ၄ ဒသမ ၃ လက်မထိ ထူထပ်နေကြောင်း၊ ၎င်းပမာဏသည် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ရန် အန္တရာယ်ရှိသည့်အတွက် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေသည့် ဧရိယာများတွင် မော်တော်ယာဉ်များ အသုံးပြုခွင့်ကိုလည်း တားမြစ်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

"နယူးယောက်ပြည်နယ်မှာ ရှိတဲ့ ပြည်သူတွေ ဘေးကင်းဖို့က ဦးစားပေးလုပ်ငန်းတာဝန် ဖြစ်ပါတယ်။ နှင်းမုန်တိုင်းအသွင်ဖြစ်ပေါ်နေပြီးတော့ ဆီးနှင်းထူထပ်စွာ ကျဆင်းနေပါတယ်။ ဒီလိုရာသီဥတု လွန်ကဲနေတဲ့ ကာလကို ဘေးကင်းစွာကျော်ဖြတ်နိုင်ဖို့အတွက် သတိပေး တိုက်တွန်းမှုတွေကို ဆက်တိုက်ပြုလုပ်သွားမှာ ဖြစ်ပါတယ်" ဟု နယူးယောက်ပြည်နယ် ဝန်ကြီးချုပ် ကေတီဟိုချူလ်က ပြောကြားသွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

ပေါက်ပေါက်

# ရာသီတုပ်ကွေးရောဂါ သတိရှိပါ

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) သည် Influenza A (H3N2) တုပ်ကွေးရောဂါ ဗိုင်းရပ်ပိုးကူးစက်မှုကြောင့် ဖြစ်ပွားသောရောဂါ တစ်မျိုးဖြစ်သည်။ ၎င်းရောဂါပိုးသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အခြားသူများသို့ ကူးစက်နိုင်သည်။ အဆိုပါတုပ်ကွေးရောဂါဗိုင်းရပ်ပိုးသည် နှစ်စဉ် မုတ်သုံရာသီနှင့် ဆောင်းရာသီတို့တွင် ပုံမှန်အားဖြင့် ဖြစ်ပွားမှုနှုန်းများသည်။

ဆောင်းရာသီသည် အပူချိန်ကျဆင်းပြီး အေးမြသည့်ကာလဖြစ်သောကြောင့် ကူးစက်ဖြစ်ပွားတတ်သည့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထုသိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်ကြေညာထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အစီရင်ခံစာတွင်ပါရှိသည့် ရာသီတုပ်ကွေးရောဂါပိုး Influenza A (H3N2) Subclade K နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် မတွေ့ရှိသေးကြောင်း၊ တွေ့ရှိလာလျှင်လည်း အထူးစိုးရိမ်ရန် မလိုအပ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

**ရောဂါလက္ခဏာများ**

ရာသီတုပ်ကွေးရောဂါသည် သာမန်အအေးမိခြင်းထက် ပို၍ပြင်းထန်သည်။ ရာသီတုပ်ကွေးဗိုင်းရပ်ပိုး Influenza A (H3N2) ကူးစက်ခံရပါ အဖျားကြီးခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာရည်ယို၍ နှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အစားအသောက်ပျက်ခြင်း၊ ခန္ဓာကိုယ်အနှံ့ ပြင်းထန်စွာကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ချမ်းတုန်ခြင်း၊ အားနည်းခြင်း စသည့် လက္ခဏာများကို အများဆုံးတွေ့ရသည်။ ရောဂါပြင်းထန်လျှင် အဖျားကြီးခြင်း၊ အဆက်မပြတ်ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ခြင်းနှင့် သတိလစ်ခြင်းတို့ဖြစ်ပွားပြီး အသက်ဆုံးရှုံးနိုင်သည်။


**ကူးစက်နိုင်သည့် နည်းလမ်းများ**

အောက်ဖော်ပြပါ နည်းလမ်းအသွယ်သွယ်တို့ဖြင့် ရောဂါပိုးကူးစက်နိုင်သည်။

- H3N2 Influenza A Virus သည် လူတစ်ဦးမှ တစ်ဦးဆီသို့ လေထုမှတစ်ဆင့် ကူးစက်နိုင်သည်။ စကားပြောဆိုခြင်း၊ အသက်ပြင်းပြင်းရှူခြင်းတို့မှ ထွက်လာသည့် အသက်ရှူလမ်းကြောင်းမှ အမှုန်အမွှားများသည် လေထုထဲသို့ ရောက်ရှိသွားပြီး အခြားသူတစ်ဦး၏ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတို့မှတစ်ဆင့် ဝင်ရောက်ကူးစက်နိုင်သည်။
- ရောဂါပိုးရှိနေသူမှ ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါဖြစ်သူ၏ ချွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ထိတွေ့ခြင်းမှလည်းကောင်း ကူးစက်နိုင်သည်။
- ထို့ပြင် မျက်နှာပြင်များမှလည်း ကူးစက်နိုင်ရာ ရာသီတုပ်ကွေးရောဂါပိုးများ တစ်နည်းနည်းဖြင့် ကျရောက်နေသည့် လှေကားလက်ရန်း၊ တံခါးလက်ကိုင်၊ စားပွဲမျက်နှာပြင်များ၊ ကွန်ပျူတာခလုတ်၊ ဖုန်းမျက်နှာပြင် စသည်တို့ကို ထိတွေ့ကိုင်တွယ်မိပြီး မသန့်ရှင်းသောလက်ဖြင့် မျက်လုံး၊ နှာခေါင်း စသည်တို့ကို ပွတ်သပ်မိရာမှ ရောဂါကူးစက်နိုင်သည်။
- ရာသီတုပ်ကွေးသည် ရုတ်တရက်ဖြစ်ပြီးကူးစက်မြန်ဆန်ခြင်းကြောင့် ကျောင်း၊ အလုပ်ရုံ၊ လုပ်ငန်းခွင်၊ ဘတ်စကားစသည်ဖြင့်လူစုလူဝေး အနီးကပ်ထိတွေ့မှုများအတွင်း လျင်မြန်စွာ ပျံ့နှံ့သွားနိုင်သည်။

**ကာကွယ်နိုင်သည့် နည်းလမ်းများ**

ရာသီတုပ်ကွေးရောဂါကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့်ကာကွယ်နိုင်သကဲ့သို့ တစ်ကိုယ်ရေသန့်ရှင်း




ရေးကိုအထူးဂရုပြုဆောင်ရွက်ခြင်း၊ နှာချေ၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်ကိုလက်ကိုင်ပဝါဖြင့် လုံခြုံစွာဖုံးအုပ်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် စက္ကန့် နှစ်ဆယ်ကြာစင်ကြယ်စွာ ဆေးကြောခြင်း၊ လုံလောက်စွာ အိပ်စက်အနားယူခြင်း၊ အာဟာရပြည့်ဝသည့်အစားအစာများ စားသုံးခြင်း၊ လေကောင်းလေသန့်ရရှိစေရန် ဆောင်ရွက်နေထိုင်ခြင်း၊လူထူထပ်သောနေရာများနှင့်ပွဲလမ်းသဘင်များကို သွားရောက်ခြင်းမှရှောင်ကြဉ်ခြင်း၊ ရောဂါဖြစ်ပွားသူများမှလည်း အခြားသူများသို့ ကူးစက်ခြင်းမရှိစေရန် အထူးဂရုပြု၍နေထိုင်ခြင်း၊ ရောဂါရှိသူ၏ နေအိမ်နှင့်ဆေးရုံများသို့ မလိုအပ်ဘဲသွားရောက်ခြင်းမှရှောင်ကြဉ်ခြင်း စသည်ဖြင့်ကာကွယ်၍ရနိုင်သည်။

**ရှောင်ရန်ဆောင်ရန် နည်းလမ်းကောင်းများ**

ရာသီတုပ်ကွေးရောဂါပျောက်ကင်းပြီး ချောင်းဆိုးခြင်း စွဲကျန်ရစ်နိုင်သဖြင့် မိသားစုဝင်များနှင့်ပတ်ဝန်းကျင်ရှိ အခြားသူများကို မကူးစက်စေရန် ဂရုပြုနေထိုင်ကြရမည့်ဖြစ်သည်။ ၎င်းတို့မှာ–

- အစိမ်းရောင်၊ အဝါရောင်အသီးအနှံ များများစားပါ။ အစိမ်းရောင် ဟင်းသီးဟင်းရွက်များ စားပေးခြင်းက ကိုယ်ခံစွမ်းအား တိုးတက်မြင့်မားစေသည်။ အဝါရောင်သီးနှံများဖြစ်ကြသော လိမ္မော်သီးနှင့် သံပရာသီးတို့ကိုဖျော်ရည်အဖြစ်လည်းကောင်း၊ လိမ္မော်ခွံ သို့မဟုတ် သံပရာခွံတို့ကို ရေနွေးစိမ်၍ လည်းကောင်း သောက်သုံးခြင်းဖြင့် တုပ်ကွေးဖျားနာခြင်းမှ ကြိုတင်ကာကွယ်နိုင်သည်။
- အားဆေးမှီဝဲပါ။ ဗီတာမင်စီက ကိုယ်ခံအားကိုမြှင့်တက်စေ၍ ဗီတာမင်ဒီက အအေးမိခြင်းမှ ကာကွယ်ပေးနိုင်သည်။ အအေးမိတုပ်ကွေးဖျားနာခြင်းအတွက် ဗီတာမင်စီ တစ်ခုတည်း မလုံလောက်နိုင်ပေ။ ဗီတာမင်ဒီအပါအဝင် အခြားဗီတာမင်နှင့်သတ္တုဓာတ်တို့ ပါဝင်သော အစားအသောက်တို့ကို မျှတစွာ စားပေးရမည်။
- အိပ်ရေးဝဝအိပ်ပါ။ တစ်နေ့လျှင် ပျမ်းမျှ ရှစ်နာရီခန့် အိပ်ရေးဝဝအိပ်စက်ခြင်းသည် သွေးတိုးရောဂါနှင့် အဝလွန်ခြင်းကို ကာကွယ်ပေးရုံသာမက အအေးမိနှာစေးကဲ့သို့ အသက်ရှူလမ်းကြောင်းမှ ကူးစက်ရောဂါပိုးများကိုလည်း တိုက်ထုတ်ပေးနိုင်သည်။
- ပဋိဇီဝဆေးဆောင်ထားပါ။ ချမ်းအေးသော ရာသီများမှာ ကိုယ်ခံအားနည်းသော ကလေးများနှင့် သက်ကြီးရွယ်အိုများတွင် ဗိုင်းရပ်ပိုး ကူးစက်လွယ်သဖြင့် အအေးမိတုပ်ကွေးဖျားနာပျောက်ဆေးများကို အိမ်တွင် အဆင်သင့်ဆောင်ထားသင့်သည်။ လိုအပ်ပါက အသက်ရှူလမ်းကြောင်းမှ ကူးစက်ပိုးများကို ၂၀ ရာခိုင်နှုန်းမျှ ကာကွယ်ပေးသည့် Actimel ခေါ် ပဋိဇီဝဆေးကြိုတင်တိုက်ကျွေးပေးပါ။
- နံနက်စာစားပါ။ နံနက်စာပုံမှန်စားသူများသည် နံနက်စာလုံးဝမစားသူများထက် အအေးမိကူးစက်ရောဂါဖြစ်နိုင်ခြေ နည်းပါးကြောင်း သိရသည်။
- လက်ဆေးပါ။ အများသုံး တံခါးလက်ကိုင်များ၊ အရောင်းစင်တာများရှိ ပစ္စည်းထည့်တွန်းလှည်းများ၊ တံခါးလက်ရန်းများ၊ ဓာတ်လှေကားခလုတ်များတွင် ဗိုင်းရပ်ပိုးမွှားများသည် ၂၄ နာရီကျော်သည်ထိ အသက်ရှင်နိုင်သဖြင့် ၎င်းတို့ကိုကိုင်တွယ်ပြီးနောက် မျက်လုံး၊ နှာခေါင်းများကိုမတို့ထိခင် ဆပ်ပြာသုံး၍ လက်ကိုစင်စင်ဆေးကြောပါ။
- နှာချေချောင်းဆိုးသောအခါတွင်လည်း ကျန်းမာရေးအသိဖြင့် လက် သို့မဟုတ် လက်ကိုင်ပုဝါ သို့မဟုတ် တစ်ခါသုံးတစ်ရှူးအုပ်ပါ။ ကလေးငယ်များကို ဖက်ရမ်းနမ်းရှုံ့ခြင်းမပြုရ။
- ပလုပ်(အာလုပ်)ကျင်းပါ။ ရေနွေးဖြင့် ပလုပ်(အာလုပ်)ကျင်းခြင်းက လည်ချောင်းအတွင်းရှိ အချွဲအကျိများနှင့်ဗိုင်းရပ်များကို သန့်စင်ပေးသဖြင့် ချောင်းဆိုးခြင်းကိုသက်သာစေသည်။
- ဟင်းခတ်အမွှေးအကြိုင်သုံးဆောင်ပါ။ ငရုတ်သီး အခြောက်မှုန့်ထဲတွင် ပါရှိသော Capsaicin ဓာတ်က အင်းဆက်ပိုးမွှားများကို သေစေသည့်ပြင် အသက်ရှူလမ်းကြောင်းကို ပွင့်လာစေသည်။ ထို့ပြင် အအေးမိတုပ်ကွေးနှင့် ချောင်းဆိုးခြင်း အတွက် ချင်းပြုတ်ရည်သည် အကောင်းဆုံးဆေးတစ်ခွက်ဖြစ်သည်။
- အရက်အလွန်အကျွံ မသောက်ပါနှင့်။ လိုအပ်သည်ထက် ပိုသောက်သုံးပါက အသည်းထိခိုက်စေသည့်ပြင် ပင်ပန်းအားယုတ်၍ အအေးမိကူးစက်ပိုးများကို ခုခံနိုင်စွမ်းမရှိတော့ပေ။
- ရေသောက်ပါ။ ခန္ဓာကိုယ်တွင်း ရေဓာတ်အလုံအလောက်ရရှိမှသာ စားထားသမျှ အာဟာရများကိုစုပ်ယူနိုင်ပြီး ခွန်အားအဖြစ် ပြောင်းလဲပေးရုံသာမက ခန္ဓာကိုယ်တွင်း မသန့်စင်သော အညစ်အကြေးများကို ချွေး၊ သွေး၊ သလိပ်၊ ဆီး၊ ဝမ်းအဖြစ် ကူညီစွန့်ထုတ်ပေးသည်။
- လက်ဖက်ရည်ကြမ်း (ရေနွေးကြမ်း) သောက်ပါ။ လက်ဖက်ရည်ကြမ်း သောက်ခြင်းက တုပ်ကွေးဖြစ်စေသော ဗိုင်းရပ်ပိုးများကို နှိမ်နင်းနိုင်ပါသည်။ ထို့ကြောင့် အအေးမိတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကော်ဖီအစား လက်ဖက်ရည်ကြမ်းပူပူသောက်ပါ။ ၎င်းရောဂါခံစားနေရချိန်တွင်လည်း ရေအေးမသောက်ဘဲ ရေနွေးကြမ်းသောက်ပါ။
- လမ်းမှန်မှန်လျှောက်ပါ။ တစ်နေ့လျှင် အနည်းဆုံး နာရီဝက်ခန့် လမ်းမှန်မှန်လျှောက်ခြင်းက ဇီဝကမ္မလုပ်ဆောင်ချက်ကို ကောင်းကျိုးပြုပြီး ပြင်ပရောဂါများကိုလည်း တိုက်ထုတ်ပေးနိုင်သည်။
- မျက်လုံးကိုကာကွယ်ပါ။ အကယ်၍ တစ်ဦးတစ်ယောက်က မိမိအနီးတွင် နှာချေ၊ ချောင်းဆိုးပါက မျက်နှာကို တစ်ဖက်သို့လွှဲပါ။ မျက်လုံးကိုလည်းပိတ်ထားပါ။ လေထဲရှိဗိုင်းရပ်ပိုးများ မိမိနှာခေါင်းသာမက မျက်လုံးထဲသို့လည်း ဝင်ရောက်နိုင်သည်ကို သတိပြုရမည်။
- ဆောင်းဦးကာလသည် အအေးပိုလာသော ကာလဖြစ်သဖြင့် လက်မောင်းနှင့် ခြေသလုံးအောက်ပိုင်းတို့ အအေးမပတ်စေရန် အနွေးထည်ပါးပါးဝတ်အိပ်ပါ သို့မဟုတ် စောင်ပါးပါးခြုံအိပ်ပါ။

အချုပ်ဆိုသော် မိမိအပါအဝင် မိမိမိသားစုတွင်ဖြစ်စေ၊ မိမိတို့ပတ်ဝန်းကျင်တွင်ဖြစ်စေ ရာသီတုပ်ကွေးဖြစ်ပွားပါက ရောဂါလက္ခဏာပြင်းထန်စွာ ခံစားနေရသူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါသည်များကို နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ ဆောလျင်စွာပြသ၍ စနစ်တကျကုသမှု ခံယူကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)စတင်ကျင်းပ မန္တလေးတိုင်းဒေသကြီး မြို့နယ်(၈)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေး





မန္တလေး ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှ စတင်၍ စနစ်တကျဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာ မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများစိတ်အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် မဲရုံတာဝန်ကျဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲအပိုင်း(၁)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်စသည့်မြို့နယ်(၈)မြို့နယ်တို့ပါဝင်ပြီး အဆိုပါမြို့နယ်(၈)မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၀၀၀၀၀ ကျော် အတွက်မဲရုံပေါင်း ၁၂၄၂ ကို စနစ်တကျဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီကိုးခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြကြောင်း သိရသည်။

ယခုရွေးကောက်ပွဲတွင် မဲမသမာမှုများကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီသို့မဟုတ်ကိုယ်စားလှယ်လောင်း၏အမည်နှင့် အမှတ်တံဆိပ်ဘေးရှိခလုတ်ကိုနှိပ်၍ လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးခဲ့ကြသည်။

မဲပေးမှု နောက်ဆုံးသတ်မှတ်ပေးထားသည့် ညနေ ၄ နာရီတွင် မဲရုံများပိတ်သိမ်းပြီးနောက် မဲပေးစက်မှထွက်ရှိလာသောရလဒ်များကို သက်ဆိုင်ရာ မဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၏ရှေ့မှောက်၌ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်နေရာ၊ အမျိုးသားလွှတ်တော်နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ၏ရင်တွင်းစကားသံများ



ဦးကျော်သန်းထွန်း



ဒေါ်ချောစုကြည်



ဦးမင်းဟန်ကျော်



ဒေါ်မော်မော်စန်း

မန္တလေး ဒီဇင်ဘာ ၂၈

တိုင်းဒေသကြီးအတွင်းရှိပြည်သူများ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက " အရင်ရက်တွေမှာတော့ ကြိုတင်မဲပေးတဲ့ လုပ်ငန်းစဉ်တွေကို စနစ်တကျနဲ့ အောင်မြင်စွာ ဆောင်ရွက်ပြီးပါပြီ။ ဒီနေ့ကျင်းပတဲ့ ရွေးကောက်ပွဲမှာလည်း ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့ စိတ်အေးချမ်းသာစွာမဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပြီး ရွေးကောက်ပွဲအပိုင်း(၂)ကိုလည်း သတ်မှတ်ထားတဲ့ ညွှန်ကြားချက်တွေနဲ့အညီ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ မလွဲမသွေဖြစ်သန်းရတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ နိုင်ငံသားအားလုံးအနေနဲ့ ရွေးကောက်ပွဲကြီးအောင်မြင်ဖို့အတွက် အသည်းကြားက မဲတစ်ပြားကိုသက်ဆိုင်ရာလွှတ်တော်များအလိုက် ပေးကြစေလိုပါတယ် " ဟုပြောသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံမှူးတာဝန်ထမ်းဆောင်နေသည့် ဒေါ်ချောစုကြည်ကလည်း "ကျွန်မတို့မဲရုံကတော့ မဲရုံအမှတ်(၁)ဖြစ်ပါတယ်။ မဲရုံတာဝန်ကျသူ ၁၂ ဦးရှိပါတယ်။ မဲရုံကြိုတင်မှုတွေအနေနဲ့ စက်ပိုင်းဆိုင်ရာ၊ မီးဘေး၊ လုံခြုံရေးအားလုံးကို ပြင်ဆင်ထားပါတယ်။ မဲပေးစက်အနေနဲ့လည်း ၄ လုံး ပြင်ဆင်ထားပါတယ်။ ကျွန်မတို့မဲရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၇၂ ဦးရှိပါတယ်။ ကြိုတင်မဲကတော့ ၆၁ ဦးရှိပါတယ်။ ကျွန်မတို့မဲရုံမှာ ပြည်သူတွေ စိတ်ချမ်းသာစွာမဲပေးနိုင်ဖို့ စီစဉ်ထားတဲ့အတွက် မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟုပြောသည်။

မဲလာရောက်ပေးသည့် အောင်မြေသာစံမြို့နယ်မှ ဦးမင်းဟန်ကျော်က "အခုလို မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အဆင်ပြေလွယ်ကူပါတယ်။ ယခင်ကလည်း မဲပေးခဲ့ဖူးပါတယ်။ အရင်ကထက်စာရင် အခုလို စက်ခလုတ်နှိပ်ပြီး မဲပေးရတာ ပိုပြီးရှင်းလင်းလွယ်ကူမြန်ဆန်ပါတယ်။ တာဝန်ရှိသူတွေကလည်း မဲပေးတဲ့သူတွေ အခက်အခဲမရှိအောင် လိုအပ်တာတွေကို လိုက်လံရှင်းလင်းပြသပေးပါတယ်။ မဲပေးတဲ့အခါမှာလည်း လွတ်လပ်ပါတယ်။ ကိုယ်မဲပေးခဲ့တဲ့သူတွေကလည်း အရင်ကတည်းက သူတို့ဆောင်ရွက်ပေးမယ့်အရာတွေကို ပြည်သူလူထုသိရှိအောင် ပြောထားပြီးသားဖြစ်တဲ့အတွက် ပြောထားတဲ့အတိုင်း လုပ်ဆောင်သွားမယ်လို့ ယုံကြည်ပါတယ်" ဟုပြောသည်။

မဲလာရောက်ပေးသည့် ဒေါ်မော်မော်စန်းကလည်း "ဒီနေ့မဲပေးရတာ အလွန်ကို အဆင်ပြေချောမွေ့ပါတယ်။ အခက်အခဲလည်းမရှိခဲ့ပါဘူး။ မဲရုံတာဝန်ရှိသူတွေကလည်း လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးပြီးပြီဆိုတော့ နိုင်ငံသားတစ်ယောက်တာဝန်ကျေပွန်သွားပြီလို့ ခံစားရတဲ့အတွက် အလွန်ကိုပျော်ရွှင်မိပါတယ်။ မဲပေးစက်နဲ့ပေးရတဲ့အပေါ်မှာလည်း ယုံကြည်မှုအပြည့်ရှိပါတယ်။ ကျွန်မရဲ့အသက် ၅၅ နှစ်မှာ မဲထပ်ပေးရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်"ဟုပြောသည်။

**မောင်အေးချမ်း**

## အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် –

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇–ခ)၊ ပုံစံ {၁၇(ခ–၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**
**"လွတ်လပ်မျှတ၊ မဲပေးကြ"**







## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်(၁၀၂)၊ ပေါက္ကရိုရပ်ကွက်နေ ဦးမောင်မောင်သန်း + ဒေါ်ကြည်ကြည်နွဲ့တို့၏သား မောင်ငြိမ်းဝေဖြိုး(၉/အမဇ(နိုင်)၀၈၂၈၉၇)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးမောင်မောင်သန်း(၉/မနမ(နိုင်)၀၇၁၈၇၈)**

**ဒေါ်ကြည်ကြည်နွဲ့(၉/မနမ(နိုင်)၀၇၁၈၇၇)**

## ပျောက်ဆုံးကြောင်း

နမ္မတူမြို့နယ်၊ မန်စံ(၂)နေ မောင်နေထွန်းလင်း (ဘ) ဦးအိုက်ရင် (ခ) ကျောက်တဲ့ဟိန်း(၁၃/နမတ(နိုင်)၀၅၈၁၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-961800401**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလက(၂၈)၊ Grade-6 နေ မမေမြင့်မိုရ်သိန်း (ဘ) ဦးသိန်းလှိုင်စိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၀-၂၀၁၃ ဖြစ်ပါကြောင်း။

မမေမြင့်မိုရ်သိန်း၊ ၁၀-၁၀-၂၀၁၃

## အဖိုးတန်ရေချိုကို ချွေတာပါ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၄ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနေမှု နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက်နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လှည့်လည်ကြည့်ရှုလေ့လာ



နိုင်ငံတကာနှင့်ပြည်တွင်းအခြေစိုက်နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၈

**“အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့”** ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့သွားရောက်၍ မဲရုံမှူးများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့်

စာမျက်နှာ ၂၃ ကော်လံ ၁☆

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ**

စာမျက်နှာ - ၁၈

## မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲများနှင့်အတူ ဂီတဖျော်ဖြေပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၂၈

မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်သို့ နှစ်သစ်ကူးပြောင်းသည့်အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၃၁ ရက်ည နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများနှင့်အတူ ဂီတဖျော်ဖြေပွဲကြီးကို ညနေ ၆ နာရီမှ စတင်၍ ၆၆ လမ်းနှင့် ၂၆ လမ်း (ကျုံးထောင့်)တွင် နှစ်စဉ်အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဒေါ်နွယ်နွယ်ထွန်းထံမှ သိရသည်။

နှစ်သစ်ကူးပွဲတော်ကို ၂၆လမ်း ၆၆လမ်းနှင့် လမ်း ၇၀ ကြားတွင် စားသောက်ဆိုင်များ ခင်းကျင်းရောင်းချပေးမည်ဖြစ်ပြီး ပွဲတော်လာပရိသတ်များ အဆင်ပြေစေရန် ၂၆လမ်း ၆၂ လမ်းမှ ၆၄ လမ်းတို့တွင်လည်း ကောင်း၊

စာမျက်နှာ ၂၃ ကော်လံ ၁ ❖

**စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို**

စာမျက်နှာ - ၂၂

**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး**

စာမျက်နှာ - ၂၄

**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အားလုံးပါဝင်မဲပေး**

ဆောင်းပါး စာမျက်နှာ - ၂၆